# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်၊ သောကြာနေ့။ Friday, 4 February 2022 ၁၀၆၃၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လွိုင်ကော်မြို့ရှိ ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လွိုင်ကော်မြို့ရှိ ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များနှင့်တွေ့ဆုံ

## ဒေသဖွံ့ဖြိုးရေးအတွက် အားလုံးတွင်တာဝန်ရှိ၍ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်၊ တာဝန်ရှိသူများလိုက်ပါ၍ လွိုင်ကော်မြို့ရှိ RC ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ၊ ကေ့ထိုးဘိုး(တံခွန်တိုင်)အဖွဲ့များမှ ဘာသာရေးခေါင်းဆောင်များအား ယနေ့တွင် ပြည်နယ်အစိုးရအဖွဲ့ရုံးခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်နယ်အကျိုးအတွက် ဘာသာရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်ပံ့ပိုးကူညီမှုသည် အရေးကြီးကြောင်း၊ ဘာသာရေးခေါင်းဆောင်များသည် ဒေသအလိုက်၊ ဘာသာအလိုက် ကိုးကွယ်သူ ဘာသာဝင်များအပေါ် သက်ရောက်မှုကြီးသူများဖြစ်၍ ဒေသ၏အကျိုးစီးပွားအတွက် ထိရောက်သော စွမ်းဆောင်ပေးနိုင်သူများဖြစ်ကြောင်း၊ ဘာသာရေး၏ အဆုံးအမတရားတို့ဖြင့် ဒေသကိုတည်ငြိမ်အေးချမ်းစေရေး ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


**ပြည်သူအားလုံးနှင့် ထိုက်တန်သည့်ဒီမိုကရေစီ**


ဆောင်းပါး စာမျက်နှာ » ၈





**ယနေ့** ဖတ်စရာ

**စိုက်ပျိုးရေးသိပ္ပံများတွင် မွေးမြူရေးဒီပလိုမာ သင်တန်းများ တိုးချဲ့ဖွင့်လှစ်သွားမည်**


စာမျက်နှာ » ၁၁


**ပြည်ထောင်စုစိတ်ဓာတ်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး**


ဆောင်းပါး စာမျက်နှာ » ၁၂


**ဘတ်စ်ကားပြေးဆွဲသည့် လုပ်ငန်းရှင်များအား ၂၀၂၆ ခုနှစ်မှ စတင်၍ လျှပ်စစ်ကားများကိုသာ ဝယ်ယူအသုံးပြုရန် အစ္စရေး ညွှန်ကြား**


စာမျက်နှာ » ၁၉

ကြေးမုံ

# နိုင်ငံတော်ရည်မှန်းချက်အောင်မြင်ရေး တစ်မျိုးသားလုံး ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတစ်နိုင်ငံတွင် ကာကွယ်ရေးနှင့်စီးပွားရေးသည် အပြန်အလှန် အမှီသဟဲပြုလျက်ရှိသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်လျှင် ကာကွယ်ရေးစွမ်းအားမြင့်မားပြီး ကာကွယ်ရေးစွမ်းအား မြင့်မားတိုးတက်လျှင် နိုင်ငံနှင့်လူမျိုးကို အလုံးစုံကာကွယ်စောင့်ရှောက်နိုင်သည့် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်ပေါ်လာပေမည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်ရေးစွမ်းပကားမြှင့်တင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး(၁/၂၀၂၂)တွင် ရှင်းလင်းပြောကြားခဲ့သည်။

"ဒီနှစ် ၂၀၂၂ ခုနှစ်ဟာ ကျွန်တော်တို့အတွက် စိန်ခေါ်တဲ့နှစ်တစ်နှစ်လည်း ဖြစ်လာနေပြီ။ ဘာလို့လဲဆိုတော့ ဒီစီးပွားရေးကို ပြန်ပြီးတည့်မတ်လာအောင် လုပ်မယ်ဆိုရင်တော့ ကျွန်တော်တို့အပေါ်မှာ ပြည်သူက ယုံကြည်မှုရှိလာမယ်။ ကျွန်တော်တို့ရဲ့ရည်မှန်းချက် သုံးခုရှိပါတယ်။ တစ်အချက်ကတော့ တိုင်းပြည်စီးပွားရေးကို ကျွန်တော်ရအောင်ဆွဲတင်မယ် ပြောထားတယ်။ ပြီးခဲ့တဲ့နှစ် အတွေ့အကြုံအရ ကျွန်တော်တို့မလုပ်နိုင်စရာ အကြောင်းမရှိဘူး။ ၂၀၂၂ ခုနှစ်မှာ စီးပွားရေးအားကောင်းအောင် ကျွန်တော်တို့ တိုးတက်အောင်လုပ်မယ်။ ပြီးရင် ဒုတိယကတော့ ကျွန်တော်တို့ရဲ့နိုင်ငံရေး၊ ရှေ့လုပ်ငန်းစဉ်မှာ ဖော်ပြထားတဲ့ ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ရေးနဲ့ပတ်သက်တဲ့ လုပ်ငန်းရပ်တွေမှာ ကျွန်တော်တို့ရထားတဲ့ လမ်းကြောင်းတွေမှာ ကျွန်တော်တို့အကုန်လုပ်မှာ။ အဲဒီနှစ်ခု နိုင်ငံရေးကလည်း ကောင်းနေတယ်၊ စီးပွားရေးကလည်း အားကောင်းလာပြီဆိုရင် ဒီဘက်က နိုင်ငံတော်ကာကွယ်ရေးအတွက်ကို အားလုံးပါဝင်တဲ့ ကာကွယ်ရေးစနစ်ကို နောင်ကျွန်တော်တို့သွားရမယ်။"

မျက်မှောက်ကာလတွင် ကမ္ဘာပေါ်၌ အင်အားကြီးနိုင်ငံများ၏ လက်ဝေခံပြုလုပ်မှု၊ ဝင်ရောက်စွက်ဖက်မှု၊ ဗိုလ်ကျစိုးမိုးမှုများ ပြုလုပ်နေသည်ကိုတွေ့ရမည်ဖြစ်သည်။ နိုင်ငံစည်းလုံးညီညွတ်မှုနှင့် ကာကွယ်ရေးစွမ်းအား အားနည်းနေသောနိုင်ငံများမှာ အနိုင်ကျင့်ဖိအားပေးမှုများခံကြရသည်ကိုတွေ့ရမည်ဖြစ်သည်။ ယင်းနိုင်ငံများတွင် မြန်မာနိုင်ငံလည်း ပါဝင်နေသောကြောင့် နိုင်ငံစည်းလုံးညီညွတ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်ရေးစွမ်းအားမြင့်မားတိုးတက်ရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသည်။

လက်ရှိအခြေအနေတွင် နိုင်ငံ၏စိန်ခေါ်မှုများအား ကျော်လွှားနိုင်ခဲ့သည့် စွမ်းပကားများကို အကြောင်းပြု၍ နိုင်ငံ့စီးပွားရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များ လမ်းကြောင်းမှန်ပေါ်သို့ ပြန်လည်ရောက်ရှိနိုင်ရန် ခွန်အားများရရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ကာကွယ်ရေးစွမ်းအားမြင့်မားတိုးတက်ရန်လိုအပ်သဖြင့် အင်အားတောင့်တင်းခိုင်မာသည့် ခေတ်မီတပ်မတော်ဖြစ်ထွန်းရေးအတွက် နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရေးကို ဒီမိုကရေစီနိုင်ငံများတွင် များသောအားဖြင့် ပြုလုပ်လေ့ရှိသည်။ နိုင်ငံတော်အတွက်လိုအပ်လျှင် နိုင်ငံသားတိုင်း စစ်မှုထမ်းရမည်ဟု အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက မှာကြားခဲ့ဖူးသည်။ မြန်မာနိုင်ငံတွင် အမျိုးသားစစ်မှုထမ်းဥပဒေရှိသော်လည်း တိုင်းရင်းသားလူမျိုးအချင်းချင်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများရှိသေးသောကြောင့် ဥပဒေကို မကျင့်သုံးရသေးချေ။ သို့သော် နောင်တွင် နိုင်ငံသားတိုင်း ဥပဒေအရ စစ်မှုထမ်းကြရမည်ဖြစ်သည်။

နိုင်ငံတော်၏ စီးပွားရေးဘက်တွင် တပ်မတော်က နိုင်ငံတော်၏တာဝန်ကို စတင်ရယူသည့် ယမန်နှစ်ကာလက တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေသော နှောင့်ယှက်ဖျက်ဆီးမှုများကြောင့် စိန်ခေါ်မှုများ၊ အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ သို့သော် လုံခြုံရေးအဖွဲ့အစည်းများနှင့် စီးပွားရေးဘက်ဆိုင်ရာ လုပ်ငန်းဌာနများက အခက်အခဲအနှောင့်အယှက်စိန်ခေါ်မှုများကြားမှ ပြည်သူများ စားဝတ်နေရေးလုပ်ကိုင်ဆောင်ရွက်မှု အဆင်ပြေစေရေးနှင့် နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါတွင် ကောင်းသည့်အလားအလာဘက် ဦးတည်နေသည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်(၅) ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ နိုင်ငံရေး၊ စီးပွားရေးဘက်တွင် ကောင်းမွန်သောအနေအထားများရှိလာပြီဖြစ်သည်။ ထို့ကြောင့် တိုင်းပြည်စီးပွားရေး ပြန်လည်ဦးမော့ပြီး တိုင်းရင်းသားပြည်သူများ လူမှုစီးပွားမြင့်မားတိုးတက်ရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များအား ဖော်ဆောင်နိုင်တော့မည်ဖြစ်၍ တိုင်းရင်းသားပြည်သူများ၏ ယုံကြည်မှုကိုရရှိပြီး ကာကွယ်ရေး၊ စီးပွားရေး မြင့်မားတိုးတက်သောနိုင်ငံဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။

(၃) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။

(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း ထုတ်လုပ်ရေးဌာနမှ အထွေထွေမန်နေဂျာ ဒေါက်တာအောင်ခိုင်ကို မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃ - ၂-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၁၀၀ | ၁,၇၆၇ | ၁၄,၂၅၆,၇၀၀ |
| MTSH | ၂,၉၅၀ | ၃,၀၀၀ | ၅,၃၄၀ | ၁၆,၀၁၆,၀၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၀ | ၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၂၆၉ | ၆၉၉,၄၀၀ |
| EFR | ၂,၈၀၀ | ၂,၈၀၀ | ၀ | ၀ |
| AMATA | ၅,၄၀၀ | ၅,၄၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၇၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၀၉.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၉.၅၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၆၁၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၅.၀၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၇၃၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၆၆.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၁၈.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၅၀.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၇.၆၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်အိအိမွန်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လွိုင်ကော်မြို့ရှိ မြို့နာမ်ရွှေစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညို တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သည် အဖွဲ့ဝင်များ၊ ကယားပြည်နယ် ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် လွိုင်ကော်မြို့ရှိ မြို့နာမ် ရွှေစေတီတော်အား သွားရောက်ဖူးမြော် ကြည်ညိုသည်။

**ဖူးမြော်ကြည်ညို**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် စေတီတော် အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူ ပူဇော်ကြပြီး စေတီတော်အား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညို၍ စေတီတော်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လွိုင်ကော်မြို့ရှိ မြို့နာမ်ရွှေစေတီတော်အား ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။

ဒွေ့သည်တော်မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုးကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အဆိုပါ မြို့နာမ်ရွှေစေတီတော်ကို ကုန်းဘောင်ခေတ်၊ မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် အလောင်းမင်း တရားကြီး ယိုးဒယားပြည် အယုဒ္ဓယမြို့ သို့ စစ်ချီရာလမ်းတစ်လျှောက်၌ သဲပုံ စေတီများ တည်ထားကိုးကွယ်ခဲ့ရာ ယခင် ကန္တရဝတီနယ်၊ ယခုကယားပြည်နယ်၏ မြို့တော် ယခင်သီရိဒေါ်ရွာဦးထိပ်နေရာ ဖြစ်သော ယခု စေတီတော်နေရာတွင် အောင်မြေနင်း၍ အောင်မြေစေတီတော် အဖြစ် တည်ထားကိုးကွယ်ခဲ့ကြောင်း၊ သီရိဒေါ်ရွာတည်စဉ်က ရွာနာမ်စေတီဟု ခေါ်ခဲ့သော်လည်း သီရိဒေါ်ရွာမှ လွိုင်ကော် မြို့အဖြစ် တိုးတက်ပြောင်းလဲလာခဲ့ရာ အဆိုပါစေတီအား မြို့နာမ်ရွှေစေတီတော် အဖြစ် ပြောင်းလဲကိုးကွယ်ခဲ့ကြောင်း သိရသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ သည် လွိုင်ကော်မြို့ရှိ ဥတ္တရာရုံကျောင်း တိုက်သို့ သွားရောက်၍ သီရိမင်္ဂလာပုံ (ဟော်ကြီး)ကျောင်း ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ပြည်နယ် သြဝါဒ ဆရာတော် ဘဒ္ဒန္တစန္ဒိမာ အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညို ပြီး ငါးပါးသီလ ခံယူဆောက်တည်ကြ သည်။

ထို့နောက် ဆရာတော်၊ သံဃာတော် များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြပြီး သာသနာရေးဆိုင်ရာ ကိစ္စရပ်များ တင်ပြလျှောက်ထားကာ ဆရာတော်များထံမှ ဆုံးမဩဝါဒများ နာယူခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ သည် လွိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီး ကျောင်းများတွင် အကြမ်းဖက်သမားများ ၏ နှောင့်ယှက်ဖျက်ဆီးမှုများကြောင့် ခေတ္တတိမ်းရှောင်ရာမှ နေရပ်သို့ ပြန်လည် ထွက်ခွာကြမည့် ဖရူဆိုမြို့ ငွေတောင်ရွာ သစ်ကျေးရွာ၊ မှုံပြာကျေးရွာနှင့် လွိုင်ကော် မြို့ပေါ်ရပ်ကွက်များမှ တိုက်ပွဲရှောင် ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနမှ ပေးအပ်သည့် အဝတ်အထည်များ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

---

☆ ရှေ့ဖုံးမှ

သို့မှသာ ကယားပြည်နယ်သည် အမြန်ပြန်လည် တည်ငြိမ်အေးချမ်းစေပြီး မူလအခြေအနေအတိုင်း ဖွံ့ဖြိုးစည်ပင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုများနှင့်ပတ်သက်၍ အေးချမ်းမှုကို လိုလားသည့်ပြည်သူများ၊ တာဝန်သိဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက် ခြင်းဖြင့် တားဆီးချေမှုန်းနိုင်မည်ဖြစ်ကြောင်း၊ တိုက်ပွဲဖြစ်ပွားမှုကြောင့် နှစ်ဖက်ထိခိုက်ကျဆုံး၊ သေဆုံးမှုများသည် မိမိတို့တိုင်းရင်းသားများသာ ဖြစ်၍ နိုင်ငံအတွက်ထိခိုက်ဆုံးရှုံးမှုပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံ၏ လူသားအရင်းအမြစ်များ ဆုံးရှုံးနေခြင်းပင်ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း ROE နှင့် အညီ ကျင့်သုံးလိုက်နာဆောင်ရွက်စေလျက်ရှိ ကြောင်း၊ အရေးပေါ်ကာလတစ်လျှောက် အနိမ့်ဆုံး အဆင့် အနည်းဆုံးအင်အားကိုအသုံးပြု၍ ဥပဒေနှင့် အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့သော်လည်း အပြစ်မဲ့ ပြည်သူများ သတ်ဖြတ်ခြိမ်းခြောက်ခြင်း၊ ပြည်သူပိုင် အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးမှုများ လုပ်ဆောင်နေကြောင်း၊ ငဲ့ညှာစွာ ထိန်းသိမ်း ကိုင်တွယ်မှုကို အခွင့်ကောင်းယူ၍ နိုင်ငံရေးမပါသော အကြမ်းဖက်မှုသက်သက်ကို လုပ်ဆောင်နေကြောင်း၊ ပြည်သူ၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်ပျက်စီး အောင် လုပ်ဆောင်သည်ကို လက်ခံ၍မရကြောင်း၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘာသာရေးအဖွဲ့ခေါင်းဆောင်များအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားသော တာဝန်အရ တပ်မတော်က ဒီမိုကရေစီစနစ်ခိုင်မာအောင် ဥပဒေ နှင့်အညီ အာဏာသုံးရပ်အား ထိန်းသိမ်းပေးသည်ကို အာဏာသိမ်းသည်ဟူသော အကြောင်းပြချက်ဖြင့် ဒေသပျက်စီးအောင် လုပ်ဆောင်သော လုပ်ဆောင် ချက်ပင်ဖြစ်ကြောင်း။

အာဏာသိမ်းခြင်းသည် ရှိပြီးဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဖျက်သိမ်း၍ အာဏာသိမ်း ခေါင်းဆောင်နှင့် ပြည်သူအများစု လိုလားသည့် စနစ်တစ်ခု ပြောင်းရန်အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ်ကို ရေးဆွဲအတည်ပြုရသဖြင့် အာဏာ ပြန်လည်လွှဲပေးနိုင်မှုသည် အာဏာသိမ်းခေါင်းဆောင် အပေါ်တွင်မူတည်ပြီး ယခု မိမိတို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်အာဏာထိန်းခြင်း သည် ပြည်သူနှင့် တပ်မတော်က ထောက်ခံအတည်ပြု သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ဖြစ်နေ၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းရန် မလိုပါ ကြောင်း၊ ဖွဲ့စည်းပုံမဖျက်သိမ်း၍ ဖွဲ့စည်းပုံပါ ဥပဒေများ အတိုင်း အရေးပေါ်ကာလပြဋ္ဌာန်းချက်ပါ ကန့်သတ် ကာလအတွင်းသာ အာဏာသုံးရပ်ကို ထိန်းသိမ်းပြီး အရေးပေါ်ကာလ ပြဋ္ဌာန်းချက်ပါ လုပ်ငန်းစဉ်များကို ဖြေရှင်းပေးနေခြင်းဖြစ်ပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏ ပဉ္စမအချက်ပါ လွတ်လပ်၍ တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို သတ်မှတ် ကာလအတွင်း ကျင်းပ၍ အနိုင်ရပါတီအား ပြန်လည် လွှဲပြောင်းပေးရမည်သာ ဖြစ်ကြောင်း။

ပြည်တွင်းပြည်ပ သွေးထိုးမှုများကြောင့် အာဏာသိမ်းမှုဟု အထင်အမြင်လွဲမှားမှုများကို ဘာသာရေးခေါင်းဆောင်များအနေဖြင့် ရှင်းရှင်း လင်းလင်း အသိပေးထိန်းကျောင်းပေးရန်လိုကြောင်း၊ အရေးပေါ်ကာလသည် ဥပဒေမှ အချိန်ကာလ ကန့်သတ်ချက်ပေးပြီးဖြစ်၍ နိုင်ငံတော်၏ လုပ်ဆောင် မှုကို အထင်အမြင်မလွဲစေလိုကြောင်း၊ ငြိမ်းချမ်းရေး အတွက် ထိတွေ့ဆက်ဆံညှိနှိုင်းမှုများ ဆောင်ရွက်စဉ် ငြိမ်းချမ်းမှု၏ အကျိုးကျေးဇူးကြောင့် အေးချမ်း စည်ပင်စွာဖြင့် ဖွံ့ဖြိုးခဲ့သည်ကို မမေ့ရန်လိုကြောင်း၊ တိုင်းရင်းသားအချင်းချင်း **စာမျက်နှာ ၄ သို့** »»

# ကယားပြည်နယ် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုး၍ ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍မရဘဲ အားလုံးပါဝင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန်လို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် စောဒန်နီယယ်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများအား ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

## လေးစားအသိအမှတ်ပြု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် ကယားပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ ပြန်လည်ဖွံ့ဖြိုးရေးနှင့် ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အကြံကောင်းများဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အချို့သော ဝန်ထမ်းများအနေဖြင့် အမျိုးမျိုးသော သွေးထိုးမှု၊ ခြိမ်းခြောက်မှုတို့ကြောင့် CDM ပြုလုပ်ခြင်းနှင့် အကြောင်းအမျိုးမျိုးဖြင့် ပျက်ကွက်မှုများရှိသော်လည်း ယခုကဲ့သို့ သစ္စာရှိစွာဖြင့် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းကောင်းများကို လေးစားအသိအမှတ်ပြုပါကြောင်း၊ အခက်အခဲအမျိုးမျိုးကြားမှ တာဝန်ကို မညည်းမညူဘဲ ဒေသကိုတိုးတက်ဖွံ့ဖြိုးလိုသော ရည်ရွယ်ချက်ဖြင့် ကြိုးစားနေမှုကိုလည်း ချီးကျူးဂုဏ်ပြုပါကြောင်း၊ အကြမ်းဖက်အဖွဲ့များအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်တွင် ကယားပြည်နယ်ကို သိမ်းပိုက်မည်ဟူသည့် ကြွေးကြော်မှု၊ ခြိမ်းခြောက်မှုများဖြင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာခဲ့သော်လည်း သစ္စာရှိ နိုင်ငံ့ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှု၊ ဒေသခံများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် တွန်းလှန်နိုင်ခဲ့ပါကြောင်း၊ ကယားပြည်နယ်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုး၍ ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍မရဘဲ အားလုံးပါဝင်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် လိုကြောင်း၊ ရှေ့ဆက်၍လည်း ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကို ယခုကဲ့သို့ ဌာနဆိုင်ရာများ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်၍ ကျော်ဖြတ်သွားရမည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်ပညာရှင်များနှင့် အမှုထမ်း၊ အရာထမ်းများက ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသူများက ဆောင်ရွက်ရမည်ဖြစ်၍ အားလုံးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်နယ်သူ၊ ပြည်နယ်သားတို့၏ လူမှုစီးပွားဘဝတည်ငြိမ်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း ပြောကြားသည်။

> ☆ **အမျိုးသားရေး ရည်မှန်းချက်အဖြစ် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိ**
>
> ☆ **စားရေရိက္ခာဖူလုံရေးအတွက် ၇၀ ရာခိုင်နှုန်းခန့်ရှိသည့် ကျေးလက်နေပြည်သူများ စိုက်ပျိုးမွေးမြူရေး ဖြစ်ထွန်းမှုအပေါ်တွင် မှီတည်လျက်ရှိ**

## ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်၏ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေးဆောင်ရွက်ထားမှုအခြေအနေ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသုံးစွဲနေမှုအခြေအနေ၊ ကျန်းမာရေး၊ ပညာရေးဆောင်ရွက်မှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက လယ်ယာသုံးစက်ကိရိယာများ ပြန်လည် စုစည်းထားမှုအခြေအနေ၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းများ လည်ပတ်နိုင်မည့်အခြေအနေ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်မှု အခြေအနေ၊ သတ္တုသန့်စင်စက်ရုံဆိုင်ရာအခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပတ်သက်သည့်အခြေအနေ၊ ကျန်းမာရေး၊ ပညာရေးဆောင်ရွက်နေမှု အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အခြေအနေ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်း၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောက်ရွက်ပေးသည်။

## ဆွေးနွေးပြောကြား

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ထမ်းဆောင်နေသည့် လုပ်ငန်းပြီးမြောက်အောင်မြင်ရန် ဒေသတည်ငြိမ်အေးချမ်းရေးသည် အရေးကြီးကြောင်း၊ နယ်မြေ ပြန်လည်တည်ငြိမ်အေးချမ်းချိန်တွင် ခေတ္တရပ်နားထားသည့်လုပ်ငန်းများ အရှိန်အဟုန်ဖြင့် စွမ်းအားပြည့်လည်ပတ်နိုင်ရန် ပြင်ဆင်မှုများ ဆောင်ရွက်ထားရန်လိုကြောင်း၊ ဌာနအလိုက်တစ်နှစ်တာလုပ်ငန်း ရည်မှန်းချက်များထားရှိပြီးဖြစ်၍ အောင်မြင်အောင် ဆောင်ရွက်ထားရန်လိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားရေးရည်မှန်းချက်အဖြစ် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အဆိုပါနှစ်ချက်သည် ဆက်စပ်နေပြီး စားရေရိက္ခာဖူလုံရေးအတွက် ၇၀ ရာခိုင်နှုန်းခန့်ရှိသည့် ကျေးလက်နေပြည်သူများ စိုက်ပျိုးမွေးမြူရေးဖြစ်ထွန်းမှုအပေါ်တွင် မှီတည်လျက်ရှိကြောင်း၊ မိသားစုတစ်နိုင်တစ်ပိုင်မှ တစ်အုပ်တစ်မ၊ ၎င်းမှ ပြည်နယ်အဆင့်အထိ မျှော်မှန်းဆောင်ရွက်ရန်လိုကြောင်း၊ သက်ဆိုင်သည့် ဌာနများအနေဖြင့်လည်း နည်းပညာ၊ အသိပညာ သွင်းအားစုများ ပံ့ပိုးပေးရန်လိုကြောင်း၊ တစ်ဖက်ကလည်း အရင်းအနှီးလိုအပ်မည်ဖြစ်၍ ဒေသတွင်းငွေကြေးစီးဆင်းမှုရှိရန်မှာ လုပ်ငန်းများမရပ်တန့်ဘဲ အရှိန်အဟုန်ဖြင့် လည်ပတ်နေရန်လိုအပ်ကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုသည် ဒေသဖွံ့ဖြိုးမှုအတွက် မဖြစ်မနေ လိုအပ်ချက်ဖြစ်သဖြင့် ဌာနဆိုင်ရာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

» » **စာမျက်နှာ ၃ မှ**

မကျေလည်မှု၊ အမြင်ကွဲလွဲမှုများဖြင့် ဒေသဖွံ့ဖြိုးရန်၊ နိုင်ငံတိုးတက်ရန် မဖြစ်နိုင်ကြောင်း၊ အလားတူ ဘာသာမတူညီမှုကို အကြောင်းပြု၍ သဘောထားကွဲလွဲနေ၍မရကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၂ တွင် **“နိုင်ငံတော်သည် ခရစ်ယာန်ဘာသာ သာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သောနေ့၌ နိုင်ငံတော်တွင် ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ်ပြုသည်”**ဟု ပြဋ္ဌာန်းထားပြီးဖြစ်၍ တူညီသောအခွင့်အရေးရှိပြီးဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အားလုံးတွင် တာဝန်ရှိ၍ အားလုံးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

## ဆွေးနွေးတင်ပြ

ထို့နောက် တက်ရောက်လာသည့် ဘာသာရေးအသင်းအဖွဲ့များမှ ခေါင်းဆောင်များဖြစ်ကြသည့် RC ခရစ်ယာန်ဘာသာမှ ဦးအီညားရှို၊ အစ္စလာမ်ဘာသာမှ ဦးမင်းလွင်၊ ဟိန္ဒူဘာသာမှ ဦးခါရိကာဗဟာဒူးနှင့် ကေ့ထိုးဘိုး(တံခွန်တိုင်)အဖွဲ့မှ ဦးပိုးရယ်အောင်သိန်းတို့က သက်ဆိုင်ရာဘာသာများအလိုက် လိုအပ်သည်များ ဆွေးနွေးတင်ပြပြီး ဆုတောင်းစကားများ ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ဆွေးနွေးတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပြန်လည်ဆွေးနွေးပြောကြားပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တက်ရောက်လာသည့် ဘာသာရေးအဖွဲ့ခေါင်းဆောင်များအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်နယ်သူ၊ ပြည်နယ်သားအားလုံး၏ စည်းလုံးညီညွတ်စွာကြိုးပမ်းမှုဖြင့် တည်ငြိမ်၍ မူလအခြေအနေထက် ဖွံ့ဖြိုးတိုးတက်မှုပိုမိုကောင်းမွန်သော ပြည်နယ်ကြီးတစ်ခုဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကယားပြည်နယ်ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ကယားပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တာဝန်ရှိသူများနှင့်အတူ ကယားပြည်နယ်ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ရှိ ပြည်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

**အမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှု ၁၀ ဒသမ ၄ သန်းကျော် ဖြစ်ပေါ်ခဲ့မှုအပေါ် ရှင်းလင်းဆောင်ရွက်ပေးရန် အကြိမ်ကြိမ် တင်ပြတောင်းဆိုခဲ့သော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုလွှတ်တော်၊ ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတို့မှ တုံ့ပြန်ဖြေရှင်းချက်တစ်စုံတစ်ရာမရှိသည့်အပြင် ဖေဖော်ဝါရီ ၁ ရက်တွင် မဲမသမာမှု ၁၀ ဒသမ ၄ သန်းကျော်ဖြင့် အနိုင်ရ NLD ပါတီက လွှတ်တော်အသစ်စတင်ရန် ဆောင်ရွက်လာခြင်းမှာ ရိုးသားမှုမရှိ၊ ပွင့်လင်းမြင်သာမှုမရှိသည့်အပြင် အစိုးရအဖွဲ့များဖွဲ့စည်းရန် ဆောင်ရွက်လာခဲ့သည်မှာ တစ်နည်းအားဖြင့် နိုင်ငံတော်အာဏာကို မတရားရယူရန် လုပ်ဆောင်လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ရိုးသားမှန်ကန်ပြီး ပွင့်လင်းမြင်သာမှုရှိသည့် လွှတ်တော်၊ အစိုးရဖြစ်စေရန်နှင့် မရိုးမဖြောင့်မှုကို ဖြေရှင်းရန်အတွက် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၄၁၇၊ ၄၁၈ နှင့် ၄၁၉ တို့အရ နိုင်ငံတော်တာဝန်ကို မဖြစ်မနေထိန်းသိမ်းခဲ့ရခြင်းဖြစ်ကြောင်း၊ ဥပဒေအရ အာဏာထိန်းသိမ်းမှုအပေါ် နိုင်ငံရေးကို ကိုယ်ကျိုးအဖြစ် အသုံးချလိုသူများနှင့် ပြည်တွင်းရေးအပေါ် အနိုင်ကျင့်စွက်ဖက်လိုသော နိုင်ငံကြီးအချို့၏ သွေးထိုးမြှောက်ပင့်မှုများကြောင့် အာဏာသိမ်းမှုအဖြစ် နားလည်မှုလွဲမှားကာ ပြည်တွင်းပြည်ပနိုင်ငံသားအများစုတို့က အထင်အမြင်လွဲမှားခဲ့ရကြောင်း။

ဖေဖော်ဝါရီလ ပထမပတ်အတွင်း ငြိမ်းချမ်းစွာဆန္ဒပြမှု (Peaceful Protest)အဖြစ် ဆန္ဒပြခဲ့သော်လည်း နောက်ပိုင်းတွင် ဆူပူမှုအသွင်(Riot)အဖြစ်သို့ ရောက်ရှိလာခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေနှင့်အညီ အနိမ့်ဆုံးအဆင့်၊ အနည်းဆုံးအင်အားတို့ဖြင့် ထိန်းသိမ်းခဲ့သည်ကို အခွင့်ကောင်းယူ၍ မင်းမဲ့စရိုက်ဆန်သည့် Anorchy Mob၊ ၎င်းမှ ပုန်ကန်သောင်းကျန်းမှု(Insurrection)၊ ယင်းမှ အလုံးစုံပျက်သုဉ်းရေးအတွက် အကြမ်းဖက်တိုက်ခိုက်ခြင်း (Terrorism) အသွင်သို့ ကူးပြောင်းလာခဲ့ကြောင်း၊ ဝန်ထမ်းအချို့သည်လည်း ယုံမှားသံသယစိတ်နှင့် ခြိမ်းခြောက်ဖိအားပေးမှုများကြောင့် CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြောင်း၊ အလားတူ ပြည်ပနိုင်ငံကြီးအချို့ကလည်း နိုင်ငံရေး၊ စီးပွားရေးအရ ဖိအားပေးပိတ်ဆို့မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ဘက်ပေါင်းစုံမှ အခက်အခဲများဖြင့် တစ်နှစ်တာကာလကို ဝန်ထမ်းကောင်းများ၏ **စုပေါင်းညီညာ အောင်ကြောင်းဖြာစိတ်ဓာတ်**ဖြင့် ကြံ့ကြံ့ခံကာ ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ နိုင်ငံချစ်စိတ်အား အရင်းတည်ကာ ဝန်ထမ်းဂုဏ်သိက္ခာဖြင့် ရဲရဲ့စွာဆောင်ရွက်ခဲ့မှုအပေါ် အသိအမှတ်ပြု ချီးကျူးပါကြောင်း၊ CDM ဝင်ရောက်သူများ၏ လစ်ဟာသွားသည့် လုပ်ငန်းတာဝန်များအပေါ် အားဖြည့်တာဝန်ထမ်းဆောင်ခဲ့မှုကိုလည်း မှတ်တမ်းတင်ပါကြောင်း။

**အယူအဆလွဲမှားမှုများ ရှိနေဆဲ**

တပ်မတော်မှ နိုင်ငံတော်အာဏာထိန်းသိမ်းခဲ့ရမှုနှင့်ပတ်သက်၍ အချို့သည် ယနေ့တိုင် အယူအဆလွဲမှားမှုများ ရှိနေဆဲဖြစ်ကြောင်း၊ ပြည်သူ့ဆန္ဒဖြင့် ရွေးချယ်ရသည့် ဒီမိုကရေစီစနစ်တွင် အထွေထွေရွေးကောက်ပွဲသည် အသက်တမျှအရေးကြီးပြီး လွတ်လပ်၍ တရားမျှတမှန်ကန်ရန် မဖြစ်မနေ၊ မရှိမဖြစ်လိုကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးပါတီများစွာမှ မကျေနပ်ချက်များကို ထုတ်ဖော်ပြောဆိုမှုများရှိခဲ့ကြောင်း၊ အာဏာရပါတီအနေဖြင့် နိုင်ငံတော်အကြီးအကဲများကို ခန့်အပ်တာဝန်ပေးခဲ့သော်လည်း ၂၀၁၇ ခုနှစ်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၆၄ ကို ချိုးဖောက်ကာ နိုင်ငံတော်အဆင့် အခွင့်အာဏာဖြင့် ပါတီကိစ္စရပ်များလည်း သိသိသာသာရော၊ မသိမသာသည်များပါ ဆောင်ရွက်ခဲ့သည်ကိုတွေ့ရပါကြောင်း၊ မဲဆွယ်စည်းရုံးရေးကာလများအတွင်း အခြားပါတီများကို ကန့်သတ်ချက်များဖြင့် မဲဆွယ်စေခြင်း၊ ရုပ်သံမှ ပါတီအသီးသီး၏ မူဝါဒများရှင်းလင်းမှုအပေါ်တွင်လည်း ယခင် ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများတွင် မပြုလုပ်ခဲ့သည့် ဆင်ဆာဖြတ်တောက်မှုများ ဆောင်ရွက်ခြင်းများရှိခဲ့ကြောင်း၊ မဲပေးရာတွင် အငြင်းပွားဖွယ်ရာ ကြိုတင်မဲကိစ္စရပ်များအပြင် အချိန်ကျော်လွန်မဲပေးမှုများ ရှိခဲ့ကြောင်း၊ အချို့သော ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ရွေးချယ်ခဲ့သည့် ကိုယ်စားလှယ်များအနေဖြင့် မိမိနှင့် မိမိမိသားစုမှ ပေးသည့် ထောက်ခံမဲကိုပင်မရရှိသည့်အထိ မဲမသမာမှုများ ရှုပ်ထွေးခဲ့ကြောင်း၊ အဆိုပါ မသင်္ကာဖွယ်ရာ မဲရလဒ်များနှင့် ပတ်သက်၍ ရှင်းလင်းပေးရန် တပ်မတော်နှင့် နိုင်ငံရေးပါတီများက တောင်းဆိုခဲ့သော်လည်း မရှင်းလင်းပေးခဲ့ကြောင်း၊ ရိုးသားမှုမရှိသော ရွေးကောက်ပွဲ၏ရွေးချယ်မှုသည် ရိုးသားဖြောင့်မတ်မှန်ကန်သည့် ကိုယ်စားလှယ်အား ရွေးချယ်နိုင်မည် မဟုတ်ကြောင်း၊ အဆိုပါ ကိုယ်စားလှယ်များမှ နိုင်ငံအကြီးအကဲကို ရွေးချယ်ရမည်ဖြစ်၍ မှန်ကန်သည့် ခေါင်းဆောင်ကို ရွေးချယ်နိုင်မည်မဟုတ်ကြောင်း။

ထိုသို့ အခြေအနေများကြောင့် တပ်မတော်အနေဖြင့် ပုဒ်မ ၄၁၇၊ ၄၁၈ နှင့် ၄၁၉ တို့အရ အာဏာ(၃)ရပ်ကိုထိန်းသိမ်းခဲ့ရခြင်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် စစ်မှန်သည့် ဒီမိုကရေစီကို ခိုင်မာအောင် ထိန်းသိမ်းပေးခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းခဲ့ရာတွင်လည်း စစ်ဘက်နှင့် အရပ်ဘက်ကို မျှတစွာဖွဲ့စည်း၍ တိုင်းရင်းသားများလည်း ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း။

အရေးပေါ်ကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း စီးပွားရေးအကျပ်အတည်း၊ နိုင်ငံတကာဖိအားနှင့် အကြမ်းဖက်မှုလုပ်ရပ်များကို ပြည်သူလူထုအားကို ရယူ၍ နိုင်ငံ့ဝန်ထမ်းကောင်းများ၊ လုံခြုံရေးတပ်ဖွဲ့များ ပူးပေါင်းပါဝင်မှုဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ကြောင်း၊ အရေးပေါ်ကာလပြီးဆုံးပါက ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ပြီး နယ်မြေအေးချမ်းရန်လိုအပ်ကြောင်း၊ ရွေးကောက်ပွဲအကြိုကာလ လုပ်ငန်းစဉ်များဖြစ်သည့် မဲစာရင်းကောက်ခံခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ မဲရုံထောင်ခြင်းများ ကောင်းမွန်မှန်ကန်စွာ လုပ်ဆောင်နိုင်ရန် လိုအပ်မည်ဖြစ်သကဲ့သို့ မဲပေးသည့်သူများသည်လည်း အကြောက်တရားကင်းစွာဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ မိမိဆန္ဒနှင့်အညီ မဲပေးခွင့်ရရန် လိုကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်မှ ၂၀၂၂ ခုနှစ်အား ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ တည်ငြိမ်အေးချမ်းပြီး အကြမ်းဖက်မှုမရှိမှသာ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အစမှအဆုံး အောင်မြင်နိုင်မည်ဖြစ်ပြီး အောင်မြင်နိုင်အောင်လည်း ပြည်သူတစ်ရပ်လုံးမှ ယုံမှားသံသယကင်းရှင်းစွာဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အကြမ်းဖက်မှုရှိနေပါလျှင် ရွေးကောက်ပွဲကျင်းပနိုင်ခြင်းရှိမည်မဟုတ်ကြောင်း၊ ရွေးကောက်ပွဲအား ကျင်းပနိုင်ခြင်းမရှိပါက အနိုင်ရ ကိုယ်စားလှယ်လောင်းများ၊ ၎င်းမှ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့များ ပေါ်ထွက်လာနိုင်မည်မဟုတ်သည်ကို ယနေ့ မတရားအာဏာသိမ်းခြင်းနှင့် အာဏာဝင်ရောက်ထိန်းသိမ်းဆောင်ရွက်နေမှုအပေါ် အယူအဆနှင့် ယုံကြည်မှုလွဲမှားလျက် အကြမ်းဖက်လမ်းစဉ်ကို လျှောက်လှမ်းနေသူများနှင့် မြှောက်ပင့်ပေးနေသူများ သတိပြုရန် လိုအပ်ပါကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပေးထားသည့်ကတိအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းအပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ မူဝါဒဖြစ်ပြီး အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပြည့်ဝရေး၊ **စာမျက်နှာ ၆ သို့** ✻

- တည်ငြိမ်အေးချမ်းပြီး အကြမ်းဖက်မှုမရှိမှသာ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အစမှအဆုံး အောင်မြင်နိုင်မည်ဖြစ်ပြီး အောင်မြင်နိုင်အောင်လည်း ပြည်သူတစ်ရပ်လုံးမှ ယုံမှားသံသယကင်းရှင်းစွာဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်
- ရွေးကောက်ပွဲအား ကျင်းပနိုင်ခြင်းမရှိပါက အနိုင်ရကိုယ်စားလှယ်လောင်းများ၊ ၎င်းမှ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့များ ပေါ်ထွက်လာနိုင်မည်မဟုတ်သည်ကို ယနေ့ မတရားအာဏာသိမ်းခြင်းနှင့် အာဏာဝင်ရောက်ထိန်းသိမ်းဆောင်ရွက်နေမှုအပေါ် အယူအဆနှင့် ယုံကြည်မှုလွဲမှားလျက် အကြမ်းဖက်လမ်းစဉ်ကို လျှောက်လှမ်းနေသူများနှင့် မြှောက်ပင့်ပေးနေသူများ သတိပြုရန် လိုအပ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လွိုင်ကော်တပ်နယ်နှင့် ဖယ်ခုံတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လွိုင်ကော်တပ်နယ်နှင့် ဖယ်ခုံတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်၊ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် လွိုင်ကော်တပ်နယ်နှင့် ဖယ်ခုံတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

**အောင်မြင်စွာ ကျော်လွှားဖြတ်သန်းနိုင်ခဲ့**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူဆောင်ရွက်လျက်ရှိသည်မှာ တစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းကာလအတွင်း အခက်အခဲ၊ အကျပ်အတည်းများကို တာဝန်သိဝန်ထမ်းကောင်းများဖြင့် အောင်မြင်စွာ ကျော်လွှားဖြတ်သန်းနိုင်ခဲ့ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇ အရ သတ်မှတ်ကာလ လွန်မြောက်ချိန်၌ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက် ရွေးကောက်ပွဲမဖြစ်မနေ ကျင်းပပေးရန်ရှိကြောင်း၊ သို့ရာတွင် ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် နယ်မြေတည်ငြိမ်အေးချမ်းပြီး အကြမ်းဖက်မှုများမရှိရန် အဓိကအရေးကြီးသည်ဖြစ်သောကြောင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများ၊ တည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် အချို့မီဒီယာများမှ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန်ကောလာဟလသတင်းများကို ရေးသားဖြန့်ချိလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် သတင်းမှန်များကို နိုင်ငံပိုင်သတင်းမီဒီယာများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပြသပေးလျက်ရှိကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၇ တွင် တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်ဟု ပြဋ္ဌာန်းထားရှိရာ အရာရှိ၊ စစ်သည်များအနေဖြင့် နိုင်ငံတော်ကို ကာကွယ်မည်ဟူသည့် ခံယူချက်၊ ယုံကြည်ချက်မြင့်မားစွာဖြင့် တာဝန်ထမ်းဆောင်နေကြသူများဖြစ်သည့်အတွက် တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်များဖြင့် ပေးအပ်လာသည့် ရည်မှန်းချက်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်မှုကို ခိုင်မာစွာတည်ဆောက်ကြရမည်ဖြစ်ပြီး စစ်ရေးအသိ၊ စစ်ရေးသတိရှိစွာဖြင့် နေထိုင်သွားလာလှုပ်ရှားကြရမည်ဖြစ်ကြောင်းနှင့် ဒေသလုံခြုံရေးတာဝန်များကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တပ်နယ်များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လွိုင်ကော်မြို့ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူနေသူတစ်ဦးအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီးသွားရောက်ကြည့်ရှု အားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် စောဒန်နီယယ်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် အဖွဲ့ဝင်များသည် ဖယ်ခုံမြို့နယ်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအား နယ်မြေခံတပ်ဌာနချုပ်ခန်းမ၌ တွေ့ဆုံခဲ့ပြီး ၎င်းတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၁ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးတင်မောင်ဆွေအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

✻ **စာမျက်နှာ ၅ မှ**

နိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို မျှော်မှန်း၍ တက်ညီလက်ညီ လျှောက်လှမ်းကြရန်လိုကြောင်း၊ သို့မှသာ နိုင်ငံ့သားကောင်းအဖြစ် တာဝန်ကျေပွန်၍ လိပ်ပြာလုံစွာ ရပ်တည်နေထိုင်နိုင်မည်ဖြစ်ကြောင်း၊ ကယားပြည်နယ်မှ တိုင်းရင်းသားအားလုံးသည်လည်း ပြည်ထောင်စု၏ ညီအစ်ကိုမောင်နှမများဖြစ်၍ အရေးကြီးခဲ့ချိန်တွင် သွေးစည်းစွာဖြင့် နယ်ချဲ့ကို တွန်းလှန်ခဲ့သည့် သမိုင်းအထောက်အထားများ ရှိကြောင်း၊ ပြည်နယ်အတွင်း ဒေသထွက်ကုန်ကောင်းများစွာရှိ၍ စီးပွားဖြစ်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် တစ်ဦးချင်းဝင်ငွေမြင့်မားပြီး ကယားပြည်နယ်၏ GDP တိုးတက်လာမည်ဖြစ်ကြောင်း၊ "စုပေါင်းညီညာ အောင်ကြောင်းဖြာ" ဆိုသည့်အတိုင်း ပြည်နယ်သူ၊ ပြည်နယ်သားအားလုံး၏ စည်းလုံးညီညွတ်စွာကြိုးပမ်းမှုဖြင့် တည်ငြိမ်၍ မူလအခြေအနေထက် ဖွံ့ဖြိုးတိုးတက်မှု ပိုမိုကောင်းမွန်သော ပြည်နယ်ကြီးတစ်ခုဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ထမ်းမိသားစုများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ရာ ဝန်ထမ်းမိသားစုများကိုယ်စား ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်ကျော်အုန်းကလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးပစ္စည်းများပေးအပ်ရာ ပြည်နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဒွေးလွင်ကလည်းကောင်း လက်ခံရယူခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း လွိုင်ကော်အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၃

ကယားပြည်နယ် လွိုင်ကော်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းသည် လွိုင်ကော်အကျဉ်းထောင်အား သွားရောက်ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း လွိုင်ကော်မြို့ အကျဉ်းထောင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

## ကြည့်ရှုစစ်ဆေး

ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ကယားပြည်နယ် လွိုင်ကော်မြို့ အကျဉ်းထောင်အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ပြည်ထောင်စုဝန်ကြီးက အကျဉ်းဦးစီးဌာနသည် လက်နက်ကိုင်အဖွဲ့အစည်းဖြစ်၍ စနစ်တကျတာဝန်ထမ်းဆောင်နိုင်ရန်လိုအပ်ကြောင်း၊ လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး၊ စည်းကမ်းဖောက်ဖျက်မှုမရှိစေရေးနှင့် သစ္စာရှိ၍ တာဝန်ကျေပွန်စွာ အဖွဲ့စနစ်ဖြင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ အကျဉ်းသားများအား စည်းကမ်းများနှင့်အညီထားရှိပြီး ရသင့်ရထိုက်သည့် ကျွေးမွေးမှုများကိုလည်း အရည်အသွေးမီ ကောင်းမွန်မှန်ကန်စွာ ကျွေးမွေးရန်လိုအပ်ကြောင်း၊ အကျဉ်းသားများအား ကျန်းမာရေးစောင့်ရှောက်မှုကို ကိုဗစ်-၁၉ ကာကွယ်တားဆီးထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရေး အသေးစိတ်မှာကြားသည်။

## ထောက်ပံ့ပေးအပ်

ထို့နောက် အကျဉ်းထောင်ရှိ မိသားစုဝင်များနှင့်တွေ့ဆုံကာ မိသားစုဝင်အချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေထိုင်ရန် မှာကြားကာ မိသားစုဝင်များအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်း ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးရှိ ကန္ဒရဝတီခန်းမ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်နှင့် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားရာ ရဲတပ်ဖွဲ့သည် လက်နက်ကိုင်တပ်ဖွဲ့ဖြစ်၍ အမိန့်ညွှန်ကြားချက်နှင့် စည်းကမ်းများကို လိုက်နာရကြောင်း၊ အခြားဌာနများထက် လုံခြုံရေးပိုင်းဆိုင်ရာတွင် ပိုမိုတာဝန်ရှိကြောင်း၊ ဝန်ထမ်းများသည် အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် တာဝန်ကိုကျေပွန်စွာထမ်းဆောင်ကြရန်လိုအပ်ကြောင်း၊ လုံခြုံရေးအမြင်ရှိရန်နှင့် သတိဝီရိယဖြင့် နေထိုင်သွားလာလုပ်ကိုင်ကြရန် လိုအပ်ကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်မှလည်း လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး အမြဲမပြတ်စစ်ဆေးကြပ်မတ်နေရန် လိုအပ်ကြောင်း၊ မိမိရုံး/ ရဲစခန်း/ ရဲကင်းများ ရန်သူတိုက်ခိုက်ခံရမှုမရှိစေရေးအတွက် ခံစစ်ပြင်ဆင်ဆောင်ရွက်ထားရှိရန်လိုအပ်ကြောင်း၊ မိသားစုဝင် ရဲမေများအနေဖြင့် မိမိကိုယ်ကိုကာကွယ်ခုခံနိုင်ရေးအတွက် အခြေခံစစ်ပညာတတ်ကျွမ်းပြီး လက်နက်ငယ်ပစ်ခတ်တတ်ရန် လိုအပ်သည့်အတွက် သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ သင်ကြားပေးထားသည့် အတတ်ပညာနှင့်အညီ လက်တွေ့လိုက်နာဆောင်ရွက်နိုင်ရန် လိုအပ်ပြီး စဉ်ဆက်မပြတ် လေ့ကျင့်မှုပြုလုပ်ရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်တားဆီးထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာန၏ စည်းကမ်းသတ်မှတ်ချက်များကို တိတိကျကျ လိုက်နာကြရန်နှင့် အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

## ပေါင်းစပ်ညှိနှိုင်း

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၏ အခက်အခဲများအား မေးမြန်း၍ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ တပ်ဖွဲ့ဝင်နှင့် မိသားစုများအတွက် ငွေကျပ်သိန်း ၂၀ ထောက်ပံ့ပေးကြောင်း သိရသည်။

**သတင်းစဉ်**

## ❒ ကျောဖုံးမှ

မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးနှင့် ပြည်တွင်းတရားစီရင်မှုကို ပြင်ပမှ ဝင်ရောက်စွက်ဖက်ခြယ်လှယ်သည့် ထင်မြင်ချက်များနှင့် ဝေဖန်ပြောဆိုမှုများကို လက်မခံပါ။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းသည် ပြည်သူတို့၏ဆန္ဒအရ အကောင်အထည်ဖော်လျက်ရှိသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကြောင့် တရားမျှတသည့် ဒီမိုကရေစီစနစ်ကို ဆိုးရွားစွာ အနှောင့်အယှက်ဖြစ်စေခဲ့သည့်အတွက် စစ်မှန်သောဒီမိုကရေစီစနစ်တစ်ရပ် ထွန်းကားပေါ်ထွက်လာစေရန် မိမိတို့အစိုးရအနေဖြင့် ဆက်လက်အကောင်အထည်ဖော်သွားရန် သန္နိဋ္ဌာန်ချမှတ်ပြီးဖြစ်သည်။ ၁-၂-၂၀၂၁ ရက်ကတည်းက ချမှတ်ခဲ့သည့် ရှေ့လမ်းစဉ် (၅) ရပ်နှင့်အညီ ခိုင်မာသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိစေရေး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် နိုင်ငံတော်အစိုးရသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးကို အဓိကရည်ရွယ်လျက် နိုင်ငံတည်ငြိမ်ရေးနှင့် ပြည်သူများ၏ လုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဤလုပ်ငန်းစဉ်ကို နိုင်ငံတကာက အားပေးကူညီရန် လိုအပ်သည်။

ရွေးကောက်ပွဲမသမာမှုများကို ဥပဒေနှင့်အညီဖြေရှင်းရန် ငြင်းဆန်ပြီး ထိပ်တိုက်ရင်ဆိုင်ရေးနှင့် အလုံးစုံပျက်သုဉ်းရေးကို ရွေးချယ်ခဲ့သည့် NLD ၏ လုပ်ဆောင်မှုကြောင့် အကျိုးဆက်အနေဖြင့် ယနေ့အကြမ်းဖက်မှုများ ဖြစ်ပွားနေသည်ကို သတိပြုသင့်သည်။ မတရားအသင်းနှင့် အကြမ်းဖက်အဖွဲ့ဖြစ်သော CRPH ၊ NUG နှင့် PDF တို့က လူငယ်များကို အကြမ်းဖက်သမားများနှင့် လူသတ်သမားများအဖြစ်သို့ တွန်းပို့ခဲ့ခြင်းဖြစ်သည်။ ထိုသို့ စေခိုင်းသူများနှင့် လှုံ့ဆော်သူများအား နိုင်ငံအချို့က ကျောထောက်နောက်ခံ ပြုထားကြောင်း တွေ့ရသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်အထိ ဆရာ/ ဆရာမ၊ ကျန်းမာရေးဝန်ထမ်းနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ထမ်းစုစုပေါင်း ၃၀၂ ဦးနှင့် သံဃာတော်များ အပါအဝင် အပြစ်မဲ့ပြည်သူ စုစုပေါင်း ၁,၉၈၈ ဦးမှာ အကြမ်းဖက်အုပ်စုများ၏ သတ်ဖြတ်ခြင်းခံခဲ့ရသည်။ ထို့ပြင် အကြမ်းဖက်သမားများက စာသင်ကျောင်းများနှင့် လူနေအိမ်များ စသည့် အရပ်ဘက်အဆောက်အဦများကို စစ်ရေးရည်ရွယ်ချက်ဖြင့် အသုံးပြုလျက်ရှိသည်။ ယင်း CRPH၊ NUG နှင့် PDF တို့၏ လုပ်ရပ်များသည် ဆိုးရွားသော အကြမ်းဖက်လုပ်ရပ်များဖြစ်ပြီး စစ်ရာဇဝတ်မှုမြောက်သောကြောင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုက်အဝန်းက ဝိုင်းဝန်းရှုတ်ချရန် လိုအပ်သည်။

မြန်မာအစိုးရအနေဖြင့် အကြမ်းဖက်သမားများအား ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိသော်လည်း ကြီးလေးသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသူများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။ စုစုပေါင်း လူဦးရေ ၄၀,၀၀၀ ကျော်အား လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ပြီး အမှု ၄,၀၀၀ ကျော်ကို ရုပ်သိမ်းပေးခဲ့ပြီးဖြစ်သည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်းကို ၂၀၂၂ ခုနှစ်ကုန်အထိ သက်တမ်းတိုးမြှင့်မည်ဟု ကမ္ဘောဒီးယားဝန်ကြီးချုပ်၏ ၇-၁-၂၀၂၂ ရက် မြန်မာနိုင်ငံခရီးစဉ်အတွင်း ပူးတွဲသတင်းထုတ်ပြန်ချက်တွင် အသိပေးထားသည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) နှင့်အညီ အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) အပါအဝင် တွေ့ဆုံသင့်သူများနှင့် ပုံမှန်ထိတွေ့ဆွေးနွေးလျက်ရှိပြီး သက်ဆိုင်သူအဖွဲ့အစည်းအားလုံးကိုလည်း ငြိမ်းချမ်းရေးကိစ္စ ဆွေးနွေးရန် ဖိတ်ခေါ်ထားပြီး ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံတူညီဆန္ဒ(၅)ချက်ကိစ္စကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံနှင့် အပြုသဘော ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အာဆီယံပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များနှင့် အာဆီယံ၏ အခြေခံမူများနှင့်အညီ နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် အမျိုးသားရေးအကျိုးစီးပွားကို ထိခိုက်မှုမရှိစေဘဲ ဆောင်ရွက်သွားမည် ဖြစ်သည်။

နိုင်ငံကြီးအချို့၏ ပြည်ပစွက်ဖက်မှုများကြောင့် အကျိုးဖြစ်ထွန်းသည်ကို တွေ့မြင်ခဲ့လှသည်။ ယင်းအစား သက်ဆိုင်ရာနိုင်ငံရှိ ပြည်သူများအကြား စိတ်ဝမ်းကွဲပြားကာ လက်နက်ကိုင်ပဋိပက္ခများ ရှည်ကြာပြီး ငြိမ်းချမ်းတည်ငြိမ်မှုမရရှိကြောင်း တွေ့ရသည်။ ထိုအချက်ကို သက်သေထူနေသည့် ယခင် သာဓကများစွာလည်း ရှိသည်။

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် တာဝန်နှင့်ဝတ္တရားများအရ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ပြည်သူများ၏အကျိုးစီးပွားကို ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ စိစစ်အတည်ပြုနိုင်ခြင်းမရှိသည့် အချက်အလက်များအပေါ် အခြေခံ၍ ပုံဖျက်ထားသော သတင်းထုတ်ပြန်ချက်များသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်ပြီး ကုလသမဂ္ဂပဋိညာဉ်စာတမ်းအပါအဝင် သံတမန်ကျင့်ဝတ်များကို ချိုးဖောက်ရာရောက်သဖြင့် ယင်းထုတ်ပြန်ချက်များကို မြန်မာနိုင်ငံက ပြင်းထန်စွာ ကန့်ကွက်ပယ်ချသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်။**

**ပေါင်းစုစွမ်းအား မြန်ပြည်တစ်လွှား အစဉ်ရေးရှု ပြည်ထောင်စု**

# ပြည်သူအားလုံးနှင့် ထိုက်တန်သည့်ဒီမိုကရေစီ

**ကနောင်**

ဒီမိုကရေစီစနစ်ဟာ တိုင်းပြည်အုပ်ချုပ်တဲ့စနစ်တွေအနက် အခက်ခဲဆုံးစနစ်တစ်ခုဖြစ်ပြီး ပြည်သူပြည်သားတွေရဲ့ အသိဉာဏ်ပညာနဲ့ ဆင်ခြင်တုံတရား မလုံလောက်ခဲ့ဘူးဆိုရင် ဒီမိုကရေစီစနစ်ဟာ ဗရုတ်သုတ်ခ ဖြစ်စေနိုင်တယ်လို့ မြန်မာနိုင်ငံသားကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်က ဆိုခဲ့ဖူးသည်။

ဒီမိုကရေစီရဲ့အနှစ်သာရ

ထို့အတူ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း ဒီမိုကရေစီဆိုတာ ပြည်သူတွေက ရွေးချယ်တင်မြှောက်ပေးရုံ၊ အစိုးရအဖွဲ့ဖွဲ့ရုံနဲ့မပြီးဘဲ ပြည်သူ့အရေးကို ရှေ့တန်းတင်၊ ပြည်သူ့ဘဝကို မြှင့်တင်၊ သိမြင်အောင်ဆောင်ရွက်နိုင်မှ ဒီမိုကရေစီရဲ့အနှစ်သာရ၊ ပြည်သူတွေမျှော်မှန်းတဲ့ ဒီမိုကရေစီဖြစ်မည်ဟု မိန့်ခွန်းတစ်ရပ်၌ ပြောကြားခဲ့ဖူးသည်။

ဒီမိုကရေစီစနစ်သည် ပြည်သူ့ထံမှ ဆင်းသက်လာသည့် အာဏာအရ အုပ်ချုပ်သည့် စနစ်တစ်ခုဆိုလျှင် မပြည့်စုံသေး၊ ဒီမိုကရေစီစနစ်၏ အလိုအပ်ဆုံးအခြေခံနှစ်ခုမှာ စည်းနှစ်စည်းဖြစ်သည့် စည်းကမ်းရှိမှုနှင့် စည်းလုံးညီညွတ်မှု လိုအပ်သည်။ ထို့အပြင် တရားမျှတမှု၊ လုံခြုံပြည့်ဝမှု၊ တန်းတူရည်တူရှိမှုဟူသည့်လူမှုရေးရာ အကြောင်းအရာများ ပါဝင်သလို လူအများ၏ စိတ်ဓာတ်အရည်အသွေးများဖြစ်သည့် သည်းခံခွင့်လွှတ်မှု၊ စိတ်ရှည်နားလည်မှုတို့လိုအပ်သည်။

ဒီမိုကရေစီ ဘိုးအေကြီးများဟု ခေါ်ဆိုထိုက်သည့် နိုင်ငံများတွင် လူမျိုးရေး၊ ဘာသာရေး၊ ပညာရေး အစစအရာရာ တန်းတူညီမျှမှုရှိသည်။ ကောင်းလေစွ။ သို့တိုင်အောင် အစွန်းရောက်အကြမ်းဖက်သမားတို့ တိုက်ခိုက်မှုလည်း မကင်းသေးချေ။ အပြစ်မဲ့ ပြည်သူများကို အစွန်းရောက်သူများက သတ်ကြဖြတ်ကြသည့်အခါ ဒီမိုဘက်တော်သားများက ငါတို့ဒီလောက် ဒီမိုကရေစီ ပိုင်ဆိုင်ထားလျက်နှင့်ဆိုကာ ခံပြင်းကြသည်။




ဒီမိုကရေစီစံနှုန်းဖြစ်သော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကြောင့် ပြင်သစ်နိုင်ငံ ပါရီမြို့ ချာလီဟာဘ်ဒိုကာတွန်းမဂ္ဂဇင်းတိုက်အား အကြမ်းဖက်သမားများ ဝင်ရောက်ပစ်ခတ်ခဲ့စဉ်။

**ပြဿနာ၏အစ**

ဥပမာအားဖြင့် ပြင်သစ်နိုင်ငံ ပါရီမြို့က ချာလီဟာဘ်ဒို ကာတွန်းမဂ္ဂဇင်းတိုက်ကို အကြမ်းဖက်သမားများ ဘာကြောင့်ဝင်ရောက်ပစ်ခတ်ခဲ့သလဲ။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဟူသည့် ဒီမိုကရေစီ၏စံနှုန်းဖြင့် တစ်ဖက်ကို ထိခိုက်စေခဲ့မိခြင်းသည် ပြဿနာ၏အစဖြစ်သည်။ ကမ္ဘာတွင် ဒီမိုကရေစီတော်လှန်ရေးကို စတင်ခဲ့သည့် ပြင်သစ်တို့က လွတ်လပ်ခြင်းဟူသည့် လက်ဝဲအတွေးအခေါ်အပြည့်ဖြင့် အခြားသူများ တန်ဖိုးထားသည့် အရာအချို့ကို ချိုးဖောက်မိရာ၊ ဆွမိရာရောက်ခြင်းဟု ပြောဆိုဝေဖန်ကြခြင်းများရှိခဲ့သည်။ အစိုးရက လွတ်လပ်စွာဖော်ထုတ်ရေးသားခွင့်ကို ကာကွယ်ဖို့နှင့် အစွန်းရောက် အကြမ်းဖက်ဝါဒကို လက်မခံကြောင်း ကြေညာခဲ့သည်။

**ဒီမိုကရေစီနှင့်မလျော်**

အကြမ်းဖက်ခြင်းကို လက်သင့်မခံသည့်တိုင် ထိလွယ်ရှလွယ်ကိစ္စရပ်များနှင့် စံသတ်မှတ်မှုတန်ဖိုးများကို မထီမဲ့မြင်မှုသည် ဒီမိုကရေစီနှင့် မလျော်ဟု ယူဆမိပါသည်။ ဒီမိုကရေစီသည် မည်သူတစ်ဦးတစ်ယောက်အပေါ်မျှ ထိခိုက်မှု၊ အဟန့်အတား၊ စိတ်အနှောင့်အယှက် မဖြစ်စေဘဲ ဥပဒေဘောင်အတွင်းမှာ နေထိုင်သည့် လွတ်လပ်ခြင်းမျိုး၊ သူတစ်ပါးက ဥပဒေနှင့်အညီ လွတ်လပ်စွာနေထိုင်ခြင်းကို လေးစားအသိအမှတ်ပြုခြင်းမျိုးသာ ဖြစ်သင့်သည်။ ထို့ကြောင့်ပင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီသည်သာ အကောင်းမွန်ဆုံးသော ဒီမိုကရေစီနည်းလမ်းဟု ဆိုချင်ပါသည်။

**ဒီမိုကရေစီနှင့် အလှမ်းဝေးနေဦးမည်**

ဒီမိုကရေစီစနစ် အခြေခံဖြစ်သည့် စည်းကမ်းရှိမှုဟုဆိုလိုက်လျှင် လမ်းပေါ် ကွမ်းတံတွေးထွေး၊ အမှိုက်ပစ်သည်ကိုသာ ဆိုလိုသည်မဟုတ်၊ ထိုမှအစ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ လူမျိုးရေး၊ စီးပွားရေး အစရှိသည့် နယ်ပယ်အသီးသီး၌ စည်းစနစ်တကျနှင့် ပြည်သူပြည်သားတိုင်းက အံဝင်ခွင်ကျ၊ နိုင်ငံကြီးသားပီသစွာ နေထိုင်နိုင်ဖို့လိုအပ်ပါသည်။ ထို့အတူ ဒီမိုကရေစီစနစ်ကို ပိုင်ဆိုင်လိုသည့် နိုင်ငံသားများ ဖြစ်သည်ဟုဆိုကာ ငါနှင့်မတူ ငါ့ရန်သူစိတ်ထားပြီး တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ပြည်နယ်နှင့်တစ်ပြည်နယ်၊ တစ်ပါတီနှင့်တစ်ပါတီ တိုက်ခိုက်ရန်လို အပြစ်ရှာနေလျှင် စည်းလုံးညီညွတ်မှုအားနည်းပြီး ဒီမိုကရေစီနှင့်အလှမ်းဝေးနေဦးမည်ပင်။ ဒီမိုကရေစီနိုင်ငံသားများဟုဆိုပြီး နိုင်ငံ့အကျိုးစီးပွားအတွက် ဘယ်ဘက်ကမျှကူညီမှုမရှိ၊ ကန့်လန့်တိုက် ထင်ရာစိုင်းနေကြမည်ဆိုလျှင်လည်း ဒီမိုကရေစီတာရှည်ခံမည်မဟုတ်။

ထို့အတူ နိုင်ငံအလိုက် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု ပုံသဏ္ဌာန်များကလည်း ထပ်တူကျနိုင်မည်မဟုတ်ပါ။ ဒီမိုကရေစီကို အခြားနိုင်ငံတစ်ခုကနေ မှာယူတင်သွင်းဖို့ ကြိုးစား၍လည်း မရနိုင်ပါ။ ဥပမာအားဖြင့် အကျီချုပ်သမားသည် အဝတ်တစ်ထည်ချုပ်လုပ်နိုင်ဖို့အတွက် အတိုင်းအတာကို သိရှိကာ မလိုအပ်သည်များကိုဖြတ်ညှပ်၍လည်းကောင်း၊ ဝတ်ဆင်မည့်သူနှင့် လိုက်ဖက်ညီမည့် အဆင်တန်ဆာတို့ကို ထည့်သွင်း၍လည်းကောင်း အထည်ကို အကောင်းဆုံး ချုပ်လုပ်ကြသကဲ့သို့ ဒီမိုကရေစီသည်လည်း နိုင်ငံတစ်နိုင်ငံချင်းစီ၏

စာမျက်နှာ ၉ သို့ ☆

**❝ ဒီမိုကရေစီစနစ် အခြေခံဖြစ်သည့် စည်းကမ်းရှိမှုဟုဆိုလိုက်လျှင် လမ်းပေါ် ကွမ်းတံတွေးထွေး၊ အမှိုက်ပစ်သည်ကိုသာ ဆိုလိုသည်မဟုတ်၊ ထိုမှအစ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ လူမျိုးရေး၊ စီးပွားရေး အစရှိသည့် နယ်ပယ်အသီးသီး၌ စည်းစနစ်တကျနှင့် ပြည်သူပြည်သားတိုင်းက အံဝင်ခွင်ကျ၊ နိုင်ငံကြီးသားပီသစွာ နေထိုင်နိုင်ဖို့လိုအပ်ပါသည်။ ထို့အတူ ဒီမိုကရေစီစနစ်ကို ပိုင်ဆိုင်လိုသည့် နိုင်ငံသားများ ဖြစ်သည်ဟုဆိုကာ ငါနှင့်မတူ ငါ့ရန်သူစိတ်ထားပြီး တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ပြည်နယ်နှင့်တစ်ပြည်နယ်၊ တစ်ပါတီနှင့်တစ်ပါတီ တိုက်ခိုက်ရန်လို အပြစ်ရှာနေလျှင် စည်းလုံးညီညွတ်မှုအားနည်းပြီး ဒီမိုကရေစီနှင့် အလှမ်းဝေးနေဦးမည်ပင်။ ဒီမိုကရေစီနိုင်ငံသားများဟုဆိုပြီး နိုင်ငံ့အကျိုးစီးပွားအတွက် ဘယ်ဘက်ကမျှကူညီမှုမရှိ၊ ကန့်လန့်တိုက်ထင်ရာစိုင်းနေကြမည်ဆိုလျှင်လည်း ဒီမိုကရေစီတာရှည်ခံမည်မဟုတ် ❞**





အကြမ်းဖက်သမားများက ဒီမိုကရေစီစံနှုန်းများနှင့် ဆန့်ကျင်ကာ လှိုင်သာယာမြို့နယ်ရှိ ဟိုတယ်နှင့်စားသောက်ဆိုင်တို့အား အကြမ်းဖက်ဖျက်ဆီးထားသည်ကို တွေ့ရစဉ်။




ဒီမိုကရေစီယဉ်ကျေးမှုကို အခြေခံပညာအဆင့်မှစ၍ သင်ကြားလေ့ကျင့်ပေးရမည့်အစား အရွယ်မရောက်သေးသော ကလေးငယ်များ ကျောင်းမတက်ရန် ဝါဒမှိုင်းတိုက်မှုများကို တွေ့ရစဉ်။

☆ စာမျက်နှာ ၈ မှ

နိုင်ငံရေးဖြတ်သန်းမှု၊ လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ အလေ့အထနှင့် တိုင်းသူပြည်သားများ၏ တန်ဖိုးထားမှု စံနှုန်းများ၊ ပညာအရည်အချင်းများ၊ စိတ်ခံစားအခြေအနေများ၊ တွေးခေါ်မှု အယူအဆများ စသည့် မတူညီသည့် အချက်များကို ထည့်သွင်းစဉ်းစားပြီးမှသာ အသင့်လျော်ဆုံးဖြစ်မည့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှု (Democratization) အဆင့်ဆင့်ကို ပြည်သူများအားလုံးက ဝိုင်းဝန်းပုံဖော်ပေးကြရဖို့ လိုအပ်မည်ဟု စာရေးသူကတော့ ထင်မြင်မိပါသည်။

**တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်**

မိမိတို့နိုင်ငံနှင့် ဒီမိုကရေစီခရီးသည် ၂၀ဝ၈ခုနှစ်တွင် ပေါ်ထွက်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေမှ စတင်သည်။ ယင်းအခြေခံဥပဒေဖြင့် အရပ်သားအစိုးရနှစ်ဆက် တာဝန်ယူခဲ့ပြီးဖြစ်သည်။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲခြင်း၏ အခြေခံလုပ်ငန်းစဉ်သည် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပခြင်းဖြစ်ပါသည်။ ပြည်သူရွေးချယ်မှုဖြင့် တာဝန်ယူ၊ တာဝန်ခံမည့် အစိုးရတစ်ရပ်သည် ရှေ့အစိုးရအဖွဲ့တို့၏ အားနည်းချက်များကိုပြုပြင်ရင်း အားသာချက်များကို အခြေခံကာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်မဟုတ်ပါလား။

သို့တိုင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ မဲမသမာမှုများစွာဖန်တီး၍ နိုင်ငံတော်အာဏာကို အတင်းရယူရန် ကြိုးပမ်းသူများကြောင့် ဒီမိုကရေစီ လမ်းကြောင်း တုံ့ဆိုင်းခဲ့ရပြီ။ ရိုးသားမှုမရှိသည့် ရွေးကောက်ပွဲ၊ ရွေရည်စိမ် ဒီမိုကရေစီ၊ တစ်ပါတီကောင်းစားရေးဟူ၍ သမိုင်းအမည်းစက်တင်ခဲ့ပြီ။ ထို့ကြောင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာ၍ တပ်မတော်က ထိန်းသိမ်းပေးကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို စစ်ဘက်၊ အရပ်ဘက် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း၍ ဦးတည်ချက်၊ ရည်မှန်းချက်များဖြင့် တာဝန်လွှဲပြောင်းရယူထားခဲ့ရသည်မှာ ရာသီစက်ဝန်း တစ်ပတ်လည်ခဲ့ပြီ။

အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ဖွယ်ရာများ ပြီးစီးသွားချိန်တွင် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပသွားမည်။ ထိုအခါ ပါဝင်သင့်၊ ပါဝင်ထိုက်သူများအားလုံး ပါဝင်လာနိုင်ရန်အတွက် ရွေးကောက်ပွဲစနစ်များ ညှိနှိုင်းသတ်မှတ်ခြင်း၊ လူတိုင်းမဲပေးနိုင်ရန် နိုင်ငံသားကတ်ပြားများ ထုတ်ပေးခြင်း စသည်တို့ကိုလည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ဦးစီးဆောင်ရွက်နေကြသည်။ နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ငြိမ်းချမ်းရေးစသည့် ကဏ္ဍအသီးသီးတွင်လည်း မြင့်မားတိုးတက်စေဖို့ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အတူ ဒီမိုကရေစီအရေခြုံအကြမ်းဖက်သမား၊ နိုင်ငံ့သစ္စာဖောက်များနှင့် အဖျက်သမားများ၏ ရန်ကိုလည်း တားဆီးပေးလျက်ရှိသည်။ ယင်းသည်ပင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အဆင့်များဖြစ်သည်။

**ပြည်သူများ လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်**

စင်စစ် ဒီမိုကရေစီစနစ်သည် လူတစ်ဦး၏ နှုတ်ထွက်စကားနှင့် စိတ်ကူးပေါက်ရာကို အကောင်အထည်ဖော်ရသည့် နိုင်ငံရေးစနစ်မျိုးမဟုတ်သကဲ့သို့ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုတွင် အဆင့်လိုက်၊ အဆင့်လိုက် စည်းလုံးညီညွတ်စွာဆောင်ရွက်မှသာ ပြည်သူများ လိုလားတောင့်တသည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးလာနိုင်မည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်တကျပေါ်ထွက်လာမည်ဖြစ်ပါသည်။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးခရီးသည် လွယ်ကူချောမွေ့သည့် ခရီးစဉ်တော့မဟုတ်ပါ။ ပြည်သူတင်မြှောက်သည့်အစိုးရသည် ကောင်းမွန်သောအုပ်ချုပ်ရေးကို တည်ဆောက်ရမည်၊ ရိုးသားမှု၊ ပွင့်လင်းမြင်သာမှု၊ တရားဥပဒေ စိုးမိုးမှုစသည်တို့ကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ကြိုးပမ်းထမ်းဆောင်ရမည်ဖြစ်သကဲ့သို့ ပြည်သူလူထုသည်လည်း စည်းလုံးညီညွတ်မှု၊ စည်းကမ်းပြည့်ဝမှုနှင့် တရားဥပဒေစိုးမိုးစေဖို့ ကူညီထမ်းရွက်ကြဖို့လိုအပ်ပါသည်။ ဒီမိုကရေစီသည်အလိုအလျောက်ရရှိလာမည့် အခွင့်အရေးမဟုတ်၊ ပြည်သူများက တက်ကြွစွာဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်များအပေါ် နှလုံးသားအပြင် ဦးနှောက်အသိတရားနှင့်ပါ ဆောင်ရွက်သင့်ပါသည်။

**ဒီမိုကရေစီဟူသောဝေါဟာရ**

ဒီမိုကရေစီဟု တွင်တွင်သုံးစွဲနေသူတို့သည် ဒီမိုကရေစီနှင့် လားရာဆန့်ကျင်နေသည့် အကြမ်းဖက်လုပ်ရပ်များကို လက်ခံ၍မဖြစ်၊ အယူအဆမတူ၊ ရပ်တည်ချက်မတူတိုင်း ဒီမိုကရေစီမဟုတ်ဘူးဟူ၍ မျက်စိမှိတ်ခံငြင်းနေ၍မရ။ ဒီမိုကရေစီ (Democracy) ဟူသော ဝေါဟာရကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် Discipline (စည်းကမ်းရှိမှု)၊ Equality (တန်းတူညီမျှရှိမှု)၊ Morality (ကိုယ်ကျင့်တရားကောင်းမွန်မှု)၊ Organization (အတူတကွပေါင်းစည်းမှု)၊ Citizen (နိုင်ငံကြီးသားပီသမှု)၊ Religion (ဘာသာတရားအပေါ် လေးစားမှု)၊ Ability (စွမ်းရည်ရှိမှု)၊ Chief (ဦးဆောင်ဦးရွက်ပြုမှု)နှင့် Youth (တက်ကြွဖျတ်လတ်မှု) ဟူ၍ တင်စားခိုင်းနှိုင်းကြသည်။ ထိုဝေါဟာရများ၊ အဓိပ္ပာယ်များသည် ဒီမိုကရေစီအစိုးရကိုသာ ကိုယ်စားပြုသည်မဟုတ်၊ ဒီမိုကရေစီ နိုင်ငံသားတို့ကိုလည်း ကိုယ်စားပြုသည်။ နိုင်ငံသားတို့က ပူးပေါင်းပေးမှသာ မိမိတို့နှင့်ထိုက်တန်သည့် ဒီမိုကရေစီကို အမှန်ပိုင်ဆိုင်မည်ဖြစ်ပါသည်။

မိမိတို့မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး မျှော်လင့်တောင့်တနေသည်ကား စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရေးပင်ဖြစ်ပါသည်။ အချို့သောသူများကဲ့သို့ ဒီမိုကရေစီရရှိရေး ဒီမိုကရေစီရရှိရေးဟု အော်ဟစ်ကြွေးကြော်နေခြင်း၊ ကန့်လန့်တိုက်ဆန္ဒပြ၊ ချုံခိုတိုက်ခိုက်နေခြင်းတို့ဖြင့် အချိန်မကုန်ဆုံးစေလိုပါ။ ဒီမိုကရေစီ၏ အနှစ်သာရ၊ အမှန်တရားကို သိမြင်နားလည်၍ မိမိတို့နိုင်ငံနှင့် အသင့်တော်ဆုံးဖြစ်မည့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲခြင်း အဆင့်တိုင်းကို ပြည်သူတိုင်းက စည်းကမ်းတကျ၊ စည်းစည်းလုံးလုံး ဖော်ဆောင်ရင်း ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပိုင်ဆိုင်ကြရမည့်အချိန်သာဖြစ်ပါကြောင်း။ ။

> **ဒီမိုကရေစီဟု တွင်တွင်သုံးစွဲနေသူတို့သည် ဒီမိုကရေစီနှင့် လားရာဆန့်ကျင်နေသည့် အကြမ်းဖက်လုပ်ရပ်များကို လက်ခံ၍မဖြစ်၊ အယူအဆမတူ၊ ရပ်တည်ချက်မတူတိုင်း ဒီမိုကရေစီမဟုတ်ဘူးဟူ၍ မျက်စိမှိတ်ခံငြင်းနေ၍မရ။ ဒီမိုကရေစီ (Democracy) ဟူသော ဝေါဟာရများ၊ အဓိပ္ပာယ်များသည် ဒီမိုကရေစီအစိုးရကိုသာ ကိုယ်စားပြုသည်မဟုတ်၊ ဒီမိုကရေစီ နိုင်ငံသားတို့ကိုလည်း ကိုယ်စားပြုသည်။ နိုင်ငံသားတို့က ပူးပေါင်းပေးမှသာ မိမိတို့နှင့်ထိုက်တန်သည့် ဒီမိုကရေစီကို အမှန်ပိုင်ဆိုင်မည်**



မန္တလေးမြို့၌ ပိုး၃၊ ပိုးရှင် အထည်အလိပ်စက်ရုံအား အကြမ်းဖက်မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။

# (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် ဂုဏ်ပြုယာဉ်များနှင့်အတူ ဖျော်ဖြေရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





**နေပြည်တော် ဖေဖော်ဝါရီ ၃**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဂုဏ်ပြုယာဉ်များနှင့်အတူ ဖျော်ဖြေရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးမှာကြား**

အခမ်းအနားတွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုအခါ အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုကြောင့် လုပ်ငန်းများ အရှိန်အဟုန် ရနေပြီဖြစ်ပါကြောင်း၊ ဂုဏ်ပြုယာဉ်များအား မိမိတိုင်းဒေသကြီး/ပြည်နယ်အလိုက် ခမ်းနားထည်ဝါစွာ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ပြီးစီးရန် လိုအပ်နေသေးသည်များကို ယခုရက်များအပြီး ပြင်ဆင်ဖြည့်စွက် ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားပြီး ဂုဏ်ပြုအခမ်းအနား၌ ပါဝင်မည့်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Booster များ ထိုးနှံပေးလျက်ရှိသည့်အတွက် ဆေးမထိုးရသေးသူများ ဆေးထိုးနှံရေး၊ လေ့ကျင့်ရေး၊ ကျန်းမာရေး၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီး /ပြည်နယ်ဝန်ကြီးများ၊ တက်ရောက်လာသူများက ဂုဏ်ပြုယာဉ်များ နေရာယူခြင်း၊ ချီတက်မောင်းနှင်ခြင်းနှင့် ယာယီရပ်နားနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ဂုဏ်ပြုယာဉ်များနှင့်အတူ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအကများနှင့် အနုပညာရှင်တို့မှ ဖျော်ဖြေတင်ဆက်မှု၊ ဇာတ်တိုက်လေ့ကျင့်နေမှုနှင့် ဂုဏ်ပြုညစာစားပွဲတွင် သီဆိုကပြဖျော်ဖြေမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**

# ပညာရေးအသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းနှင့်အညီ အကျိုးရှိထိရောက်စွာ အသုံးပြု ပညာရေးလုပ်ငန်းများ အောင်မြင်အောင် တစ်ဦးနှင့် တစ်ဦး မေတ္တာထား၍ စည်းလုံးညီညွတ်စွာ လက်တွဲဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဆရာအတတ်ပညာဦးစီးဌာန၏ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများနှင့် အခြေခံပညာဦးစီးဌာန၏ တိုင်းဒေသကြီး/ ပြည်နယ် ပညာရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) ရှိ အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**ဖွင့်လှစ်ပေးစေလို**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက ပညာရေးတက္ကသိုလ်နှစ်ခုမှ ပါမောက္ခချုပ်များနှင့် ညှိနှိုင်း၍ ပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ အရည်အသွေးမြှင့်တင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချပေးစေလိုပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် ပညာရေးမှူးများကလည်း ခရိုင်/မြို့နယ်ပညာရေးမှူးများမှ ကျောင်းအုပ်၊ ဆရာ ဆရာမကြီးများအထိ အဆင့်အလိုက် စီမံ/ဘဏ္ဍာဆိုင်ရာ သင်တန်းများ၊ ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးစေလိုပါကြောင်း။

ကျောင်းများသည် ပညာသင်ကြား၊ သင်ယူမှုများ ဆောင်ရွက်ရန်နေရာဖြစ်ပါကြောင်း၊ ကျောင်းများတွင် မည်သည့်နိုင်ငံရေးလှုပ်ရှားမှုကိုမျှ လက်မခံရန် မှာကြားလိုပါကြောင်း၊ ရရှိသည့် ပညာရေးအသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းနှင့်အညီ အကျိုးရှိထိရောက်စွာ အသုံးပြုကြစေလိုပါကြောင်း၊ ပညာရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရာတွင် တစ်ဦးနှင့် တစ်ဦး မေတ္တာထား၍ စည်းလုံးညီညွတ်စွာ လက်တွဲဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဦးဇော်ဝင်းတို့က ဆွေးနွေးပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်နှင့် ဆရာအတတ်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမေစန်းရီတို့က ပညာရေးဒီဂရီကောလိပ်များနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး/ပြည်နယ်နှင့် ကျောင်းများအလိုက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း လုပ်ငန်းများဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

**လဲချား ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ်တွင် လမ်းတံတား၊ ရေပေးရေးနှင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမင်းသန့်နှင့်အဖွဲ့က လဲချားမြို့နယ်အတွင်းရှိ ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ် ပြည်ထောင်စု၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၆၈ ဒသမ ၄၇၈ သန်းဖြင့် ဆောင်ရွက်သည့် မတ်လန်းကျေးရွာနှင့် ဟိုနားကျေးရွာ ကုန်ထုတ်လမ်းတံတားနှင့် ဆက်စပ်လုပ်ငန်းများ၊ ပြည်ထောင်စု၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၄၉ ဒသမ ၄၄၃၆ သန်းဖြင့်ဆောင်ရွက်သည့် ပါကန်းကျေးရွာနှင့် ကောင်းဟုန်းကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ထောက်ပံ့ငွေကျပ်သန်း ၂၀ နှင့် ပြည်သူ ထည့်ဝင်ငွေများဖြင့် ဆောင်ရွက်သည့် ဟွေလောင်းကျေးရွာနှင့် ခိုစိုက်ကျေးရွာ ရွာဘုံခန်းမတည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ယူ ဆောင်ရွက်နေသည့် သက်ဆိုင်ရာကုမ္ပဏီနှင့် ကျေးရွာကော်မတီဝင်များက လိုက်လံရှင်းလင်းတင်ပြကြကြောင်း သိရသည်။

**ကူညီဆောင်ရွက်ပေးခဲ့**

ထို့နောက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမင်းသန့်က ဆောင်ရွက်နေသည့်လုပ်ငန်းများအပေါ် ဆွေးနွေးခြင်း၊ အကြံပြုခြင်းနှင့် လိုအပ်သည့်နည်းပညာများကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

# ပန်းတနော်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ဖွင့်လှစ်



**ပန်းတနော် ဖေဖော်ဝါရီ ၃**

ဧရာဝတီ တိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ထုတ်လုပ်နည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရွှေကျောင်းမြောက်ကျေးရွာအုပ်စု ဘုရားပျိုကျေးရွာတွင် ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခြင်းနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးအောင်က အမှာစကားပြောကြားခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေယျာနိုင်က သင်တန်းနှင့်ပတ်သက်သည့် အကြောင်းအရာများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၂ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ဘုရားပျိုကျေးရွာမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက် သင်ကြားကြကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် စိန်ရတုပြည်ထောင်စုနေ့အကြိုအထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် တိုင်းရင်းသားရိုးရာအစားအသောက် ရက်သတ္တပတ်အခမ်းအနား ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၃

စိန်ရတု ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် တိုင်းရင်းသားရိုးရာအစားအသောက် ရက်သတ္တပတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွန်းဦးက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးတက္ကသိုလ်များတွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ လာရောက်၍ ပညာသင်ယူနေကြသည့် မောင်တို့မယ်တို့အနေဖြင့် တိုင်းပြည်စီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်သော လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို အနာဂတ်ကာလတွင် ပခုံးပြောင်းတာဝန်ယူကြရမည့်သူများ ဖြစ်သည့်အားလျော်စွာ ပြည်သူများ အာဟာရပြည့်ဝပြီး ကျန်းမာပျော်ရွှင်စွာ သက်တမ်းစေ့နေနိုင်ရေး၊ ခေတ်မီနည်းစနစ်များ အသုံးပြု၍ အရည်အသွေးပြည့်ဝသော စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ခြင်းဖြင့် တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဆင်းရဲချမ်းသာကွာဟမှုကို ကျဉ်းမြောင်းစေရေးကိုပါ မျှော်မှန်းကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

အခမ်းအနားသို့ စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းရင်းသားရိုးရာအစားအစာများကို လက်ရည်တစ်ပြင်တည်း ပျော်ရွှင်စွာစားသုံးခဲ့ကြသည်။

စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျင်းပသော အဆိုပါအခမ်းအနားကို စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များတွင် ပညာသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများအချင်းချင်း ရင်းနှီးခင်မင်မှု ပိုမိုရရှိစေရန်နှင့် ပြည်ထောင်စုတိုင်းရင်းသားများ၏ ရိုးရာအစားအစာများကို သိရှိလေ့လာနိုင်ကြစေရန် ရည်ရွယ်၍ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ကျင်းပခဲ့ပြီး ကံစမ်းမဲများဖောက်၍ အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်းအပါအဝင် ပျော်ပွဲရွှင်ပွဲများကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာနှစ်ရွာတွင် ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

ရေတာရှည် ဖေဖော်ဝါရီ ၃

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် မတည်ငွေရင်း ကျပ်သိန်း ၃၀၀ ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ယနေ့အထိ ကျေးရွာပေါင်း ၅၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မြစိမ်းရောင်ကျေးရွာ စီမံကိန်းလည်ပတ်ရန်ပုံငွေဖြင့် ဒေသနှင့် လိုက်လျောညီထွေမှုရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများဆောင်ရွက်ကြခြင်းဖြစ်သည်။ မြစိမ်းရောင်ကျေးရွာနှစ်ရွာဖြစ်သော ရဲကုန်းကျေးရွာအုပ်စု ဆိတ်ဖူးကုန်းကျေးရွာ၌ နှစ်စဉ်လည်ပတ်ရန်ပုံငွေမှ အတိုးရရှိငွေ ၅၀ ရာခိုင်နှုန်း ကျပ်သိန်း ၆၀ ဖြင့် အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ ကျေးရွာတွင်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည်။

ထို့အတူ ကျွဲရိုင်ပြင်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာတွင် ကျပ်သိန်း ၇၀ ဖြင့် အရှည်ပေ ၁၇၀၀၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ ကျေးရွာတွင်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွှန့်နှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## စိုက်ပျိုးရေးသိပ္ပံများတွင် မွေးမြူရေးဒီပလိုမာသင်တန်းများ တိုးချဲ့ဖွင့်လှစ်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသာမက မွေးမြူရေးကဏ္ဍပါ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိုက်ပျိုးရေးသိပ္ပံကျောင်းများတွင် မွေးမြူရေးဒီပလိုမာသင်တန်းများကို တိုးချဲ့ဖွင့်လှစ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ဖွင့်လှစ်ထားတဲ့ စိုက်ပျိုးရေးသိပ္ပံကျောင်း ၁၅ ကျောင်းရှိပါတယ်။ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှာ ကနဦးအနေနဲ့ စိုက်ပျိုးရေးသိပ္ပံကျောင်း သုံးကျောင်းမှာ မွေးမြူရေးဒီပလိုမာသင်တန်းတွေကို တိုးချဲ့ဖွင့်လှစ်သွားဖို့ စီစဉ်ထားပါပြီ။ စိုက်ပျိုးရေးသိပ္ပံ ပျဉ်းမနား၊ ပုသိမ်ကြီးနဲ့ ဟဲဟိုးတို့ဖြစ်ပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကျောင်းသုံးကျောင်းအတွက် လိုအပ်သည့် စာသင်ဆောင်၊ အိပ်ဆောင်၊ လက်တွေ့ဆောင်၊ Mini Laboratory၊ တိရစ္ဆာန်များအတွက် အစာဂိုဒေါင်၊ တိရစ္ဆာန်များ ထိန်းသိမ်းရန်အတွက် ခြံလုပ်သားဝန်ထမ်းအိမ်ရာ၊ သင်ကြားရေးအထောက်အကူပြု တိရစ္ဆာန်များ မွေးမြူရေးခြံများနှင့် စားကျက်စိုက်ပျိုးရေးလုပ်ငန်းများကို စီမံထားရှိကာ ကျောင်းတစ်ကျောင်းလျှင် ဝက် ၁၀ ကောင်၊ နို့စားနွား ငါးကောင်၊ အသားတိုးနွား ငါးကောင်၊ ဆိတ် ၁၅ ကောင်၊ ဥစားကြက် အကောင် ၅၀၀၊ အသားစားကြက်အကောင် ၅၀၀၊ ငါးသားပေါက် အကောင် ၃၀၀၀ မွေးမြူထားရှိပြီးဖြစ်သည်။

စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းများတွင် ပညာသင်နှစ်အလိုက် မွေးမြူရေးဒီပလိုမာသင်တန်းများ တိုးချဲ့ဖွင့်လှစ်ရန် စီမံဆောင်ရွက်ရာတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၌ စိုက်ပျိုးရေးသိပ္ပံ(ပွင့်ဖြူ)၊ စိုက်ပျိုးရေးသိပ္ပံ(သာယာဝတီ)၊ စိုက်ပျိုးရေးသိပ္ပံ(သထုံ)၊ စိုက်ပျိုးရေးသိပ္ပံ(မြစ်ကြီးနား)၊ စိုက်ပျိုးရေးသိပ္ပံ(ဖွဲ့ကပင်)နှင့် စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)တို့ကို ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထို့အတူ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ စိုက်ပျိုးရေးသိပ္ပံ(မြောင်းမြ)၊ စိုက်ပျိုးရေးသိပ္ပံ(ရွှေဘို)၊ စိုက်ပျိုးရေးသိပ္ပံ (ဒီးမော့ဆို)၊ စိုက်ပျိုးရေးသိပ္ပံ(လုံပီး)၊ စိုက်ပျိုးရေးသိပ္ပံ(ထားဝယ်)၊ စိုက်ပျိုးရေးသိပ္ပံ(ဟုမ္မလင်း)တို့ကို ဖွင့်လှစ်ရန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွေးမြူရေးဒီပလိုမာသင်တန်းကို ဒေသတွင်းမွေးမြူရေးလုပ်ငန်းများ တိုးတက်မြင့်မားရေးအတွက် ကျွမ်းကျင်သော အလယ်အလတ်အဆင့် မွေးမြူရေးပညာရှင်များ မွေးထုတ်ပေးရန်၊ တစ်ပိုင်တစ်နိုင်မွေးမြူသူများနှင့် မွေးမြူရေးပုဂ္ဂလိကလုပ်ငန်းရှင်များ၏ မွေးမြူထုတ်လုပ်မှုများအတွက် လိုအပ်လျက်ရှိသော မွေးမြူရေးပညာရှင်များ ဖြည့်ဆည်းပေးရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

"ဒီလိုသင်တန်းတွေ ဆောင်ရွက်တဲ့အခါ တက်ရောက်မယ့်သင်တန်းသားတွေ စဉ်းစားတာက ကျောင်းဆင်းသွားရင် ဘယ်လိုအလုပ်အကိုင်အခွင့်အလမ်းရှိမလဲဆိုတာဖြစ်တယ်။ ကျောင်းဆင်းမွေးမြူရေးဒီပလိုမာသင်တန်းဆင်းတွေအနေနဲ့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှာဖြစ်စေ၊ စိုက်ပျိုးရေးသိပ္ပံတွေမှာ ဘာသာပြဆရာ ဆရာမအနေနဲ့ဖြစ်စေ၊ မွေးမြူရေးနဲ့ ဆက်နွှယ်တဲ့ ပုဂ္ဂလိကကုမ္ပဏီတွေမှာဖြစ်စေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိနိုင်ပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

မွေးမြူရေးဒီပလိုမာသင်တန်းဖွင့်လှစ်မည့် ကျောင်းတစ်ကျောင်းတွင် ကျောင်းသား ၂၅ ဦး၊ ကျောင်းသူ ၂၅ ဦး စုစုပေါင်း ၅၀ ဖြင့် လက်ခံသင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းကာလမှာ သုံးနှစ်ဖြစ်ပြီး သင်တန်းပြီးမြောက်ပါက မွေးမြူရေးဒီပလိုမာ Diploma in Animal Husbandry (Dip.AH) ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

မွေးမြူရေးဒီပလိုမာသင်တန်းမှ ထူးချွန်ကျောင်းသား ကျောင်းသူများအနေဖြင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် လေးနှစ်သင်တန်းဖြစ်သည့် မွေးမြူရေးသိပ္ပံဘွဲ့ Bachelor of Animal Science (B.A.Sc)သို့ ပေါင်းကူးတက်ရောက်ရန် ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ရရှိမည်ဖြစ်ပြီး ဝင်ခွင့်စာမေးပွဲအောင်မြင်ပါက B.A.Sc သင်တန်း တတိယနှစ်မှစတင်တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

"အခု ကျွန်တော်တို့ စီမံဆောင်ရွက်ထားတဲ့အနေအထားက ကျောင်းတက်မယ်ဆိုရင် စိုက်ပျိုးရေးဘက်ပဲ တက်တက်၊ မွေးမြူရေးဘက်ပဲတက်တက် ကျောင်းတက်တဲ့အချိန်မှာ နိုင်ငံတော်က ကျောင်းသားတစ်ဦးကို ငွေကျပ်သုံးသောင်း ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ ပြီးတော့ Scholarship တွေ ပေးနိုင်ဖို့လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ သင်ရိုးညွှန်းတမ်းတွေကိုတော့ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နဲ့ ညှိနှိုင်းပြီး ရေးဆွဲပြင်ဆင်ထား ရှိပြီးဖြစ်ပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

**သန်းမင်းအောင်(သတင်းစဉ်)**

## ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၂၀၂၂ ခုနှစ် မိုးကြိုစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၃

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန နေပြည်တော်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် လယ်ဝေးခရိုင်ဘဏ်ခွဲမှ တောင်သူဦးကြီးများကို ၂၀၂၂ ခုနှစ် မိုးကြိုရာသီစိုက်ပျိုးစရိတ် ချေးငွေများထုတ်ချေးပေးခြင်းကို



ယနေ့နံနက်ပိုင်းက ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း စားနပ်ရိက္ခာဖူလုံစေရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ်ထုတ်လုပ်မှု အထောက်အကူဖြစ်စေရေးအတွက် ၂၀၂၂ ခုနှစ် မိုးကြိုရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မိုးစပါး တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် အတိုးနှုန်း တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိသည်။ ထိုသို့ ထုတ်ချေးရာတွင် ယနေ့ နံနက်ပိုင်းက လယ်ဝေးမြို့နယ် ဇလီငှက်ကြီးတောင်အုပ်စုတို့မှ တောင်သူ ကိုးဦးတို့ကို ချက်ကြံ ၇၅ ဧကအတွက် ငွေကျပ် ၇ ဒသမ ၅ သန်း ထုတ်ချေးပေးလျက်ရှိသည်။

လယ်ဝေးခရိုင်ဘဏ်ခွဲအနေဖြင့် ၂၀၂၂ ခုနှစ် မိုးကြိုရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ယခင်နှစ် ၂၀၂၂ ခုနှစ် မိုးကြိုချေးငွေ ပြေကျေစွာပေးဆပ်ပြီးသူ တောင်သူဦးကြီးများသို့ ဦးစွာထုတ်ချေးပေးလျက်ရှိပြီး ကျေးရွာအုပ်စု နှစ်အုပ်စု၊ တောင်သူ ၁၁ ဦး၊ ချက်ကြံ ၈၃ ဧကအတွက် ချေးငွေကျပ် ၈ ဒသမ ၃ သန်း ထုတ်ချေးထားပြီးဖြစ်ကြောင်းနှင့် မတ်လကုန်အထိ ဆက်လက်ထုတ်ချေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ လယ်ဝေးခရိုင်ဘဏ်ခွဲမန်နေဂျာ ဒေါ်ထွေးထွေးသိန်းထံမှ သိရသည်။

လက်ရှိတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်နှင့်မြို့နယ်ဘဏ်ခွဲ လေးခုမှ ၂၀၂၂ ခုနှစ် မိုးကြိုရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စု ငါးအုပ်စု၊ တောင်သူ ၂၆ ဦး၊ စပါး ၃၉ ဧကနှင့် ချက်ကြံ ၉၁ ဧက စုစုပေါင်း စိုက်ဧက ၁၃၀ အတွက် ချေးငွေကျပ် ၁၄ ဒသမ ၉၆ သန်း ထုတ်ချေးထားပြီးဖြစ်ကြောင်း နေပြည်တော်တိုင်းဘဏ်ခွဲမန်နေဂျာ ဦးသက်ဦးထံမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုစိတ်ဓာတ်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး

ပိုက်တင်

တိုင်းရင်းသား၊ နိုင်ငံသားလူမျိုးပေါင်းစုံ အတူတကွမှီတင်းနေထိုင်ကြတဲ့ နိုင်ငံတိုင်းမှာ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကြွယ်ဝချမ်းသာရေး၊ အာမခံချက်အပြည့်အဝရှိတဲ့အနာဂတ် စတာတွေအတွက် အခြေခံအုတ်မြစ်က စည်းလုံးညီညွတ်ရေးဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ခိုင်မာတဲ့ပြည်ထောင်စုစိတ်ဓာတ်ဖြစ်ပါတယ်။ တိုင်းရင်းသားတွေ၊ နိုင်ငံသားတွေ သွေးစည်းညီညွတ်မှုကို မတည်ဆောက်နိုင်သရွေ့ အဲဒီနိုင်ငံဟာ ငြိမ်းချမ်းရေးကိုလည်း မျှော်လင့်ဖို့ခက်ခဲနေပါလိမ့်မယ်။ ဖွံ့ဖြိုးတိုးတက်ဖို့လည်း အလှမ်းဝေးနေပါလိမ့်မယ်။ ကြွယ်ဝချမ်းသာရေးကိုလည်း လက်တွေ့အကောင်အထည်ဖော်ဖို့ မဖြစ်နိုင်ပါဘူး။

အာမခံချက်အပြည့်အဝရှိတဲ့ အနာဂတ်ကိုလည်း မျှော်မှန်းလို့ မရနိုင်ပါဘူး။ ဒါကြောင့် စည်းလုံးညီညွတ်ရေး တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဟာ နိုင်ငံသားတစ်ယောက်ချင်းစီမှာ ကိန်းဝပ်နေမှသာလျှင် ပြည်ထောင်စုနိုင်ငံတစ်ခုဟာ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ဖို့ မျှော်မှန်းနိုင်မယ်လို့ဆိုရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ လူမျိုးပေါင်းရာချီပြီးတော့ စုစည်းနေထိုင်ကြတဲ့ ပြည်ထောင်စုနိုင်ငံစစ်စစ်ဖြစ်တာကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သွေးစည်းညီညွတ်ကြဖို့ဆိုတာဟာ အထူးလိုအပ်ချက်ဖြစ်ပါတယ်။ ဘယ်လိုနိုင်ငံရေးစနစ်နဲ့သွားတာဖြစ်စေ၊ ဘယ်ပါတီတွေ၊ ဘယ်ပုဂ္ဂိုလ်တွေ အစိုးရလုပ်အုပ်ချုပ်တာဖြစ်စေ၊ သယံဇာတတွေ ဘယ်လောက်ပေါကြွယ်ဝနေပါစေ စည်းလုံးညီညွတ်မှုမရှိရင် တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို အခိုင်အမာမွေးမြူမထားနိုင်ကြရင် နိုင်ငံဟာ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာဖို့ ခက်ခဲနေလိမ့်မယ်ဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူနိုင်ကြဖို့ လူတိုင်းရင်ထဲမှာ အခိုင်အမာရှင်သန်နိုင်ဖို့ဆိုရင်–




၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာချုပ်ဆိုခဲ့သည့် အထိမ်းအမှတ်အဖြစ် စိုက်ထူခဲ့သော "တောင်တန်း– ပြည်မ ပူးပေါင်းရေးစာချုပ်" ကျောက်တိုင်

## ၁။ သမိုင်းသင်ခန်းစာတွေကို အလေးထားကြရပါမယ်။

သမိုင်းတွေဆိုတာဟာ သင်ခန်းစာကောင်းတွေ ထုတ်ယူနိုင်ကြပြီးတော့ အမှားတွေကို ရှောင်ရှားနိုင်ကြဖို့အတွက် ရေးထားကြတာဖြစ်ပါတယ်။ သမိုင်းသင်ခန်းစာတွေကို ကောင်းစွာရယူနိုင်ကြမယ်ဆိုရင် အတိတ်က မှားပြီးသားအမှားတွေကို မျိုးဆက်တွေ တစ်ဆက်ပြီးတစ်ဆက် အထပ်ထပ်ပြန်မှားမိတတ်တဲ့ အမှားကျော့သံသရာကို ရှောင်ရှားနိုင်ကြမှာဖြစ်ပါတယ်။ သမိုင်းတွေကို သမိုင်းစာအုပ်ထဲမှာထားပြီး လက်တွေ့မှာ လုပ်ချင်ရာတွေပဲ ဆက်လုပ်နေကြမယ်ဆိုရင်တော့ သမိုင်းဆိုတာရဲ့တန်ဖိုးကလည်း အချည်းနှီးဖြစ်နေမှာဖြစ်သလို ရှောင်လွှဲလို့ရနိုင်တဲ့ အမှားတွေကိုလည်း ထပ်ကာထပ်ကာကျူးလွန်မိနေကြဦးမှာဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံရေးအရ မှားခဲ့သမျှ အမှားတွေကို ကျကျနန လေ့လာသုံးသပ်ပြီးတော့ လမ်းမှန်ပေါ်မှာ အတူတကွ လျှောက်လှမ်းနိုင်ကြမှသာလျှင် နိုင်ငံသားတွေအားလုံးဟာ ရည်မှန်းချက်တူ၊ ကံကြမ္မာတူ၊ အခွင့်အလမ်းတူနဲ့ အေးအတူပူအမျှ ငြိမ်းငြိမ်းချမ်းချမ်း ကြွယ်ကြွယ်ဝဝနဲ့ အတူအကွချစ်ခင်စည်းလုံးစွာနေထိုင်နိုင်ကြမှာဖြစ်ပါတယ်။ သမိုင်းသင်ခန်းစာတွေကို မယူကြဘဲနဲ့ ထင်ရာစိုင်းနေကြသရွေ့ နိုင်ငံဟာ နာလန်ထူနိုင်ဖို့ ခက်ခဲနေဦးမှာဖြစ်သလို စည်းလုံးညီညွတ်ရေးကို ထိန်းသိမ်းထားနိုင်ဖို့လည်း အာမခံချက်မရှိနိုင်တာကြောင့် ရေရှည်တည်တံ့ခိုင်မာတဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာလည်း အလှမ်းဝေးနေနိုင်တာမို့ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရေးအတွက် သွယ်ဝိုက်ပြီးတော့ အကျိုးသက်ရောက်မှုရှိတဲ့ သမိုင်းသင်ခန်းစာတွေကို အလေးအနက်ပြုရေး အလေးထားနိုင်ကြဖို့ဖြစ်ပါတယ်။

> ငါနဲ့မတူ ငါ့ရန်သူစိတ်ဓာတ်၊ ရွေးကောက်ပွဲတွေမှာ မဲပေးရွေးချယ်ကြတဲ့အခါ ကွဲလွဲကြရမယ့်ကိစ္စတွေကို ရွေးကောက်ပွဲတွေမှာ မကွဲလွဲကြဘဲနဲ့ နိုင်ငံသားတွေအချင်းချင်း စည်းလုံးညီညွတ်စွာနဲ့ နိုင်ငံကို အတူတကွ လက်တွဲတည်ဆောက်ကြရမယ့်အစား အုပ်စုဖွဲ့ဘက်ခွဲပြီး ရန်သူသဖွယ်ဆက်ဆံပြုမူနေကြတာဟာ ဒီမိုကရေစီလမ်းကြောင်းနဲ့ သွေဖည်နေရုံမကဘဲ ပြည်ထောင်စုစိတ်ဓာတ်တွေကို ဖျက်လိုဖျက်ဆီး လုပ်ရာကျတာကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်အဟန့်အတား ပြုနေကြသလိုလည်း သဘောသက်ရောက်နေတာ သတိပြုနိုင်ကြဖို့ဖြစ်

## ၂။ သာတူညီမျှစိတ်ဓာတ် ရှိကြရပါတယ်။

သာမန်အားဖြင့်ဆိုရင် လူ့သဘာဝအရ ငါ့လူမျိုး၊ ငါ့ဒေသ၊ ငါ့ပြည်နယ်ဆိုတဲ့ အတွေးအယူအဆက အလိုလိုရှိနေတတ်တဲ့ သဘောရှိပါတယ်။ ပြည်ထောင်စု နိုင်ငံတစ်ခုမှာကတော့ ငါ့လူမျိုး၊ ငါ့ဒေသ၊ ငါ့ပြည်နယ် တိုးတက်ဖို့ဆိုတဲ့ သဘောထားကို စွန့်လွှတ်ဖယ်ရှားပစ်ရမယ်လို့ မပြောလိုပေမယ့် ကိုယ့်လူမျိုး၊ ကိုယ့်ဒေသ၊ ကိုယ့်ပြည်နယ်အကျိုးစီးပွားကို တည်ဆောက်ဖို့နဲ့ ပြည်ထောင်စုတစ်ခုလုံးရဲ့ အကျိုးစီးပွားကို အားလုံးအတူတကွ တက်ညီလက်ညီ တည်ဆောက်ဖို့ဆိုတဲ့ သဘောထားနှစ်ရပ်ကို မျှခြေမှန်မှန်နဲ့ ခံယူနိုင်ကြဖို့ မဖြစ်မနေလိုအပ်ပါတယ်။ နိုင်ငံတော်ရဲ့ မူဝါဒတွေနဲ့ နိုင်ငံရေးပါတီတွေ၊ တက်လာတဲ့ အစိုးရတွေရဲ့ မူဝါဒတွေကလည်း နိုင်ငံသားတွေအားလုံး၊ နယ်မြေဒေသအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးကို အာမခံချက်ပေးထားတဲ့မူဝါဒတွေကို ကျကျနန ခိုင်ခိုင်မာမာ ချမှတ်အကောင်အထည်ဖော်မယ်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့ အထောက်အပံ့တွေနဲ့ အားထုတ်ကြိုးပမ်းမှုတွေလည်းရှိမယ်၊ တစ်ဖက်ကလည်း နိုင်ငံသားတိုင်းက တစ်နိုင်ငံလုံး (ပြည်ထောင်စုတစ်ခုလုံး) အကျိုးစီးပွားအတွက် အတူတကွ ကြိုးစားတည်ဆောက်ရမယ်ဆိုတဲ့ အသိစိတ်ဓာတ်နဲ့ လုပ်ကိုင်ဆောင်ရွက်ကြမယ်ဆိုရင် နိုင်ငံသားတိုင်းရဲ့ရင်ထဲမှာ အားလုံးတူညီတဲ့ အခွင့်အလမ်းတွေရှိနေတယ်ဆိုတဲ့ ခံစားချက်တွေ ကိန်းအောင်းလာနိုင်ပြီးတော့ သာတူညီမျှ ခံစားစံစားခွင့်ရှိတယ်ဆိုတဲ့ ယုံကြည်ချက်ဟာ လက်တွေ့ကျကျ အမြစ်တွယ်လာနိုင်တာမို့ နိုင်ငံဟာ သေချာပေါက် ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ သာတူညီမျှစိတ်ဓာတ်တွေ ကိန်းဝပ်လာနိုင်ဖို့အတွက်ဆိုရင် တန်းတူညီမျှရှိတယ်ဆိုတဲ့ ယုံကြည်မှုကို နိုင်ငံသားတိုင်းရဲ့စိတ်မှာ ဖြစ်တည်နိုင်တဲ့ အခြေအနေတွေကို ဖန်တီးတည်ဆောက်နိုင်ကြဖို့နဲ့ အဲဒီလိုအခြေအနေကောင်းတွေကို ခိုင်မာအောင် ထိန်းသိမ်းထားနိုင်ကြဖို့ ဖြစ်ပါတယ်။

## ၃။ နိုင်ငံရေးမှာ ရိုးသားဖြောင့်မတ်ကြရပါတယ်။

နိုင်ငံရေးအရ ပြောလို့ဆိုလို့ကောင်းတဲ့ လူကြားကောင်းမယ့် နိုင်ငံရေးစကားလုံးတွေကို တွင်တွင်ကျယ်ကျယ် ပြောပြီးတော့ နိုင်ငံရေးကို တစ်နည်းနည်း (နိုင်ငံရေးနည်း၊ လက်နက်ကိုင်နည်း)နဲ့ လုပ်စားလို့ရရုံ လုပ်နေကြမယ်ဆိုရင်တော့ လက်တွေ့ကျတဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်လို့မရနိုင်သလို အဲဒီလို မတည်ဆောက်နိုင်တာကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ဖို့ ခက်ခဲနေမှာဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ် အစစ်အမှန်ကို နှလုံးသွင်းနိုင်တယ်ဆိုရင် နိုင်ငံရေးကိုလုပ်ကြတဲ့အခါ ဘယ်နည်းလမ်းနဲ့ပဲလုပ်လုပ် ရိုးသားဖြောင့်မတ်စွာ လုပ်တတ်ကိုင်တတ်လာပါလိမ့်မယ်။ ပြည်ထောင်စုနိုင်ငံဖြစ်တာနဲ့အညီ အကျိုးဆိုင်သူ (stakeholder)များ အင်မတန်မှ စုံလင်များပြားလှတာမို့ ကိုယ်ကျိုးစီးပွားအပေါ် အခြေမခံကြဘဲနဲ့ အားလုံးက ပြည်ထောင်စုတစ်ခုလုံးရဲ့အကျိုးစီးပွားကို ရိုးသားဖြောင့်မတ်စွာ ဦးတည်တည်ဆောက်ကြဖို့ သဘောထားနဲ့ စိတ်ဓာတ်ရှိလာကြတဲ့ တစ်နေ့မှာ နိုင်ငံသားတွေရဲ့ သွေးစည်းညီညွတ်ရေးဟာ အထူးခိုင်မာတောင့်တင်းလာနိုင်ပြီးတော့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဟာလည်း လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ကြမှာဖြစ်ပါတယ်။ ရိုးသားဖြောင့်မတ်တဲ့ နိုင်ငံရေးကို ရိုးသားဖြောင့်မတ်တဲ့ သဘောထားတွေနဲ့ အင်အားစုတွေအားလုံးက လုပ်ကိုင်ဆောင်ရွက်နိုင်ကြဖို့အင်မတန်မှ အရေးကြီးပါတယ်။

## ၄။ သဘောထားကြီးကြရပါမယ်။

လက်ရှိ နိုင်ငံရေးယဉ်ကျေးမှုက ယေဘုယျအားဖြင့် ဒီမိုကရေစီထွန်းကားရေးအတွက်ရော ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာရေးအတွက်ပါ များစွာအနှောင့်အယှက်အဟန့်အတားဖြစ်နေတာကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာနှောင့်နှေးစေပါတယ်။

ငါနဲ့မတူ ငါ့ရန်သူစိတ်ဓာတ်၊ ရွေးကောက်ပွဲတွေမှာ မဲပေးရွေးချယ်ကြတဲ့အခါ ကွဲလွဲကြရမယ့်ကိစ္စတွေကို ရွေးကောက်ပွဲတွေမှာ မကွဲလွဲကြဘဲနဲ့ နိုင်ငံသားတွေအချင်းချင်း စည်းလုံးညီညွတ်စွာနဲ့ နိုင်ငံကို အတူတကွ လက်တွဲတည်ဆောက်ကြရမယ့်အစား အုပ်စုဖွဲ့ဘက်ခွဲပြီး

စာမျက်နှာ ၁၃ သို့ ❍

# စိန်ရတုပြည်ထောင်စုနေ့အခမ်းအနား ဖျော်ဖြေရေးကဏ္ဍတွင် ပါဝင်ဆင်နွှဲကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များ နေပြည်တော်သို့ ရောက်ရှိ



နေပြည်တော် ဖေဖော်ဝါရီ ၃

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များသည် ယနေ့နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ အားကစားလေ့ကျင့်ရေးစခန်းသို့ ရောက်ရှိကြသည်။

**ကြိုဆို**

ထိုသို့ ရောက်ရှိလာကြသည့် တိုင်းရင်းသား ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များကို စိန်ရတုပြည်ထောင်စုနေ့ ကြိုဆိုနေရာချထားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အနုပညာဦးစီးဌာနက အိုးစည်၊ ဒိုးပတ်ဝိုင်းများဖြင့် ကြိုဆိုကြပြီး သတ်မှတ်ထားသည့် တည်းခိုဆောင်များအလိုက် နေရာချထားရေး စီစဉ်ဆောင်ရွက်ပေးကြသည်။

စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များမှာ ရန်ကုန်တိုင်းဒေသကြီးမှ ၃၉ ဦး၊ ကချင်ပြည်နယ်မှ ၃၃ ဦး၊ ကယားပြည်နယ်မှ ၂၈ ဦး၊ ကရင်ပြည်နယ်မှ ၄၀၊ ချင်းပြည်နယ်မှ ၃၇ ဦး၊ မွန်ပြည်နယ်မှ ၃၄ ဦး၊ ရခိုင်ပြည်နယ်မှ ၃၅ ဦးနှင့် ရှမ်းပြည်နယ်မှ ၃၉ ဦး စုစုပေါင်း ၂၈၅ ဦးတို့ဖြစ်ပြီး ယနေ့တွင် ခေတ္တတည်းခိုမည့် အားကစားလေ့ကျင့်ရေးစခန်းသို့ ရောက်ရှိကြကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာနက တိုင်းရင်းသား ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ဝင်များ အနားယူနေချိန်အတွင်း သုတ၊ ရသ ကဏ္ဍစုံလင်စွာ ပါဝင်သည့် စာအုပ်၊ စာပေများ ဖတ်ရှုနိုင်သည့် စာကြည့်တိုက်နှင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်ကို အုပ်ချုပ်မှုအဆောင်၌ ဖွင့်လှစ်ထားသည့်အပြင် ကျန်းမာရေးဝန်ကြီးဌာနကလည်း ကိုယ်စားလှယ်အဖွဲ့ဝင်များ ကျန်းမာရေးတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် ဆေးခန်းနှင့် တိုင်းရင်းဆေးခန်းတို့ ဖွင့်လှစ်ထားသည်ကိုလည်း တွေ့ရသည်။

**သတင်း-မျိုးဆက်သစ်**
**ဓာတ်ပုံ-ကိုကြီးထိန်**

○ စာမျက်နှာ ၁၂ မှ

ရန်သူသဖွယ် ဆက်ဆံပြုမူနေကြတာဟာ ဒီမိုကရေစီလမ်းကြောင်းနဲ့ သွေဖည်နေရုံမကဘဲ ပြည်ထောင်စုစိတ်ဓာတ်တွေကို ဖျက်လိုဖျက်ဆီး လုပ်ရာကျတာကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက် အဟန့်အတားပြုနေကြသလိုလည်း သဘောသက်ရောက်နေတာ သတိပြုနိုင်ကြဖို့ဖြစ်ပါတယ်။ ဒီမိုကရေစီနည်းကျ မတူကွဲပြားခြင်းဆိုတာဟာ စည်းလုံးညီညွတ်မှုပျက်ပြားကြဖို့ မဟုတ်ပါဘူး။ နိုင်ငံရေးအယူအဆတွေ ကွဲပြားကြတာက ဒီမိုကရေစီရဲ့ သဘောသဘာဝအနှစ်သာရမျှသာဖြစ်ပြီးတော့ ကိုယ်နဲ့အယူအဆ ယုံကြည်ချက်မတူညီကြသူတွေအပေါ် ငြိုးသူရန်ဘက်သဖွယ် ပြုမူဆက်ဆံကြဖို့ မဟုတ်ပါဘူး။ တစ်ဖက်က နိုင်ငံတည်ဆောက်ရေးကို ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးနဲ့ အတူတကွ အားသွန်ခွန်စိုက် ကြိုးစားလုပ်ကိုင်ကြရင်း တခြားတစ်ဖက်မှာ နိုင်ငံရေးဆိုင်ရာ ရပ်တည်ချက်၊ ယုံကြည်ချက်တွေ မတူကွဲပြားမှုကို နားလည်လက်ခံကြဖို့ဖြစ်ပါတယ်။

အခုဆိုရင် ရှေ့လျှောက်မှာ ဘယ်နိုင်ငံရေးပါတီကမှ လွှတ်တော်တွေ (ဥပဒေပြုရေး)နဲ့ အစိုးရအဖြစ် (အုပ်ချုပ်ရေး)ကို တစ်ပါတီတစ်စုတစ်ဖွဲ့ တစ်ဦးတစ်ယောက်တည်းက ချုပ်ကိုင်ထားပြီး တစ်ပါတီတစ်ဦးတစ်ဖွဲ့ တစ်ဦးတစ်ယောက်သဘောနဲ့ စီမံခြယ်လှယ်လို့ မရနိုင်အောင် ရွေးကောက်ပွဲဆိုင်ရာနည်းစနစ်ကို ပြုပြင်ပြောင်းလဲဖို့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီလိုပြုပြင်ခြင်းက အကျိုးဆိုင်သူတွေ စုံလင်လှတဲ့၊ လူမျိုးစုတွေများပြားလှတဲ့ ပြည်ထောင်စုနိုင်ငံတစ်ခုမှာ ကိုယ်စားပြုမှုတွေ အားလုံးစုံစုံညီညီနဲ့ ပါဝင်ကိုယ်စားပြုနိုင်ဖို့ လမ်းပွင့်သွားမယ့် ကိစ္စဖြစ်ပါတယ်။ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေး(နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး)ကို နိုင်ငံသားတွေအားလုံးက အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်အတွက် လမ်းပွင့်သွားမှာဖြစ်ပါတယ်။

လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က သို့တည်းမဟုတ် ပါတီတစ်ခုခုက တဖြည်းဖြည်း ပါဝါအာဏာတွေ ကြီးထွားလာပြီးတော့ နိုင်ငံရေးကို အလွဲသုံးစားလုပ် ထင်တိုင်းကြဲလို့မရအောင် တစ်နည်းအားဖြင့် ဒီမိုကရေစီစနစ်ကိုကျင့်သုံးရင်း အာဏာရှင်စနစ် ပုံစံမျိုးဆီ ဦးတည်မသွားနိုင်အောင် စီမံဆောင်ရွက်တာလို့လည်း ဆိုနိုင်ပါတယ်။ နိုင်ငံသားတွေအားလုံးကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုတဲ့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးပုံစံတစ်ရပ်ဆီ ဦးတည်နေတာကြောင့် တစ်နည်းတစ်လမ်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုရှင်သန်ခိုင်မာစေဖို့ အားဖြည့်ပေးရာရောက်တာကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း သေချာပေါက်ပံ့ပိုးနိုင်မှာ မုချဖြစ်ပါတယ်။ ရှေ့ရှုညီမှာကိုယ်စားပြုမှု အမှန်တကယ် မျှတစုံလင်တဲ့ ဒီမိုကရေစီအနှစ်သာရပြည့်ဝတဲ့ နိုင်ငံရေးစနစ်တစ်ရပ် ပေါ်ပေါက်လာဖို့ အခြေခံကောင်းတစ်ရပ်လည်း ဖြစ်ပါတယ်။

ဒါကြောင့် ငါပဲလုပ်ပိုင်ခွင့်ယူမယ်၊ ငါ့အဖွဲ့အစည်းကပဲ စီမံမယ်ငါ့ကိုထောက်ခံသူတွေရဲ့ အကျိုးစီးပွားပဲကြည့်မယ်ဆိုတဲ့ ကြောက်စရာကောင်းလှတဲ့ ဒီမိုကရေစီစနစ်ရဲ့ ဘေးထွက်ဆိုးကျိုးဖြစ်တဲ့ စိတ်ဓာတ်မျိုး၊ လုပ်ရပ်မျိုးကိုလည်း တားဆီးထားရာရောက်မှာမို့ ပြည်ထောင်စုတစ်ဝန်းလုံး၊ နိုင်ငံသားတွေအားလုံး တန်းတူညီမျှဖွံ့ဖြိုးတိုးတက်ရေးကို အားလုံးက သဘောထားကြီးကြီးထားပြီးတော့ သူ့အားနည်းချက်ကို ကိုယ်ကဖြည့် ကိုယ့်အားနည်းချက်ကို သူကဖြည့်ကြပြီး အတူတကွ စည်းလုံးညီညွတ်စွာနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောက်ရွက်နိုင်ကြမှာဖြစ်ပါတယ်။

ဖော်ပြပါအချက်လေးချက်ကို အလေးအနက်ထားပြီး နိုင်ငံသားတွေအားလုံး၊ နိုင်ငံရေးအင်အားစုတွေအားလုံးက သဘောထားမှန်မှန်၊ အမြော်အမြင်ကြီးကြီးနဲ့ ပြည်ထောင်စုတစ်ခုလုံး အကျိုးစီးပွားကို ဦးတည်ပြီးတော့ ကြိုးပမ်းဆောင်ရွက်နိုင်ကြမယ်ဆိုရင် နိုင်ငံသားတွေအားလုံးရဲ့ စိတ်ဓာတ်နဲ့ သဘောထားတွေဟာ တစ်နေ့တခြား မြင့်မားတိုးတက် ကောင်းမွန်လာနိုင်ရုံသာမကပါဘူး၊ ပြည်ထောင်စုစိတ်ဓာတ်တွေလည်း တစ်နေ့တခြား ပိုမိုရှင်သန်တိုးတက်ခိုင်မာလာနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုအခြေအနေကို ဖန်တီးတည်ဆောက်နိုင်ကြမယ်ဆိုရင် ပြည်ထောင်စုနိုင်ငံ ဖြစ်တာနဲ့အညီ ပြည်ထောင်စုစိတ်ဓာတ်တွေ ရင့်သန်ခိုင်မာလာတာနဲ့အမျှ နိုင်ငံ(ပြည်ထောင်စုတစ်ခုလုံး)သည်လည်း အမှန်တကယ် ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်လာမှာ မြေကြီးလက်ခတ်မလွဲဖြစ်ပါကြောင်း လေးစားစွာရေးသားတင်ပြအပ်ပါတယ်။ ။

■

## မော်ကွန်းတည်စိုး

○ ပြည်ထောင်စု သစ္စာတည်၊
ကချင်ကယား ကရင်ချင်းရယ်နဲ့
တစ်အူထုံ့ဆင်း ဗမာမွန်ရခိုင်ရှမ်းတွေက
စိတ်ဝမ်းဖြူကြည်၊
သွေးသားအစစ်ပေမို့
လေးစားချစ် မြတ်နိုးသည်
မျိုးရည်က အစဉ်မွှေး။
ပဝေသဏီ ယခင်ကတည်းရယ်က
ယှဉ်တွဲလို့လေး။

○ ပြည်ထောင်စု အေးရိပ်မြို၊
သုခဘုံ အမွေအစစ်ပေမို့
နှစ်မြို့ခိုလှုံ၊ ခိုနားကြ
ရွှေလက်အစုံ ရေစက်ဆုံ တစ်မိဖွား။
ညီအစ်ကို မောင်နှမအရင်းတွေကွဲ့
ပြည်တွင်းအင်အား။

○ ပြည်တွင်းအား စည်းလုံးညီ၊
မလိုတမာဘယ်လိုနှောင့်ပေမယ့်
တောင့်တင်းခိုင်ကျည်၊
ပြည်ထောင်စု အစွန့်ရှည်၊
စည်သာလို့ငြိမ်းအေး။
တို့ပိုင်စံ နိုင်ငံအကျိုးကိုလ
တို့နိုင်ငံ ခိုင်သန်ဖြိုးရအောင်
သယ်ပိုးဆောင်ပေး။

○ ပြည်ထောင်စု ကောင်ကျိုးရည်၊
မယိမ်းယိုင် မတိမ်းစောင်းရအောင်
ထိန်းကျောင်းကြမည်။
တက်ညီတဲ့လက်ညီ
ဆက်လက်ချီ အားမာန်နိုး။
ကမ္ဘာမှာ မြန်မာမျိုးရယ်လို့
မော်ကွန်းတည်စိုး။ ။

ရေနံ့သာမောင်ကျော်ညွန့်

## စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ဖွင့်

တောင်ငူ ဖေဖော်ဝါရီ ၃

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ငူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ဆောင်ရွက်သော ချောင်းဖြူ(အရှေ့)ကျေးရွာ ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က အဆိုပါကျေးရွာလမ်းဖွင့်ပွဲမုခ်ဦးရှေ့၌ ကျင်းပသည်။

ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲဆိုင်းဘုတ်အား တောင်ငူတပ်နယ်မှ ဗိုလ်မှူးကြီးကျော်စိုးမိုး၊ တောင်ငူခရိုင် ကျေးလက်ဦးစီးမှူး ဦးသန့်ဇင်မျိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီလွင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ကွန်ကရစ်လမ်းသည် အရှည်ပေ ၁၂၀၀၊ အကျယ် ၁၀ ပေ၊ ၁ ခြောက်လက်မရှိကာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ၂၀၂၀-၂၀၂၁ ခြောက်လဘတ်ဂျက် နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ခြောက်ဆယ့်ငါးသိန်း ငါးသောင်း စုစုပေါင်း ငွေကျပ် တစ်ရာခြောက်ဆယ့်ငါးသိန်း ငါးသောင်း ကုန်ကျခဲ့ပြီး ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

# “မောင်ရေခဲ/ မရွှေဖဲနှင့် အာဆီယံခရီးသွား” အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ‌ဌေးအောင်သည် ယနေ့ နံနက်ပိုင်းတွင် ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် “မောင်ရေခဲ/ မရွှေဖဲနှင့် အာဆီယံခရီးသွား” အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သည်။




**ကြိုးပမ်းဆောင်ရွက်နေ**

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အခြေခံပညာမူလတန်း မြန်မာစာသင်ခန်းစာများတွင် ဒေါက်တာမောင်ဖြူး၏ “မောင်ရေခဲနှင့် မရွှေဖဲ” ကဗျာများကို ပြဋ္ဌာန်းခဲ့ဖူးပါကြောင်း၊ အဆိုပါကဗျာများတွင် ခရီးသွားလုပ်ငန်း၏ အခြေခံသဘောသဘာဝများ ပါဝင်နေခြင်းကြောင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပရာတွင် ယခုခေါင်းစဉ်အား ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအချိန်တွင် နိုင်ငံအသီးသီးက ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ရန် ကြိုးပမ်းဆောင်ရွက်နေကြကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးရန် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၂ ကို ဇန်နဝါရီ ၁၇ ရက်မှ ၂၀ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ပရီဆီဟာနုပြည်နယ်တွင် ကျင်းပခဲ့ရာ မိမိဦးဆောင်၍ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ကြောင်း။

မိမိအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားဝန်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေးအတွက် လေကြောင်းလိုင်းများ ပျံသန်းနိုင်ရေး၊ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍတိုးမြှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် အခြားဆက်စပ်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၂ သို့ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပါဝင်တက်ရောက်ခဲ့မှု၊ ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းဖြစ်ပေါ်နေမှုနှင့် မြန်မာနိုင်ငံအား အာဆီယံနှင့် ကမ္ဘာက ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် မြှင့်တင်ကြော်ငြာရာတွင် အစိုးရ-ပုဂ္ဂလိက-ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မှုတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတကာနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ခိုင်မိမိထွန်းက အာဆီယံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်နေမှု၊ အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဆွေးနွေးမှုများအပေါ် အဖွဲ့လေးဖွဲ့ခွဲ၍ အာဆီယံခရီးသွားလုပ်ငန်း အရည်အသွေးမြှင့်တင်ရေး၊ အာဆီယံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံခရီးသွားလုပ်ငန်းမူဝါဒလမ်းညွှန်ချက်များနှင့် အာဆီယံခရီးသွားလုပ်ငန်း ပြန်လည်ဖွင့်လှစ်ရေး စသည့် ခေါင်းစဉ်လေးခုဖြင့် အဖွဲ့လိုက်ဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့ကြပြီး အဖွဲ့လေးဖွဲ့မှ ကိုယ်စားလှယ်များက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဝိုင်းဖွဲ့ဆွေးနွေးတင်ပြကြကာ တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးမှုများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ သဘာပတိက အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသော ရလဒ်များအပေါ် အကျဉ်းချုပ်ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ ဆွေးနွေးပွဲသို့ ပါဝင်ဆွေးနွေးကြသူများနှင့် အဖွဲ့လိုက်ကိုယ်စားပြုသူများအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး မွမ်းမံသင်တန်း ဖွင့်လှစ်



**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နေပြည်တော်သင်တန်းကျောင်းတွင် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် ဖွင့်လှစ်သည့် လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ထုတ်ပြန်ထားသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ယခုသင်တန်းကို ရုံးလုပ်ငန်းစီမံခန့်ခွဲမှုနှင့် စစ်ဆေးရေးစွမ်းဆောင်ရည်မြင့်မားစေရန်၊ နိုင်ငံတကာစံများနှင့်အညီ စစ်ဆေးဆောင်ရွက်နိုင်ရန်နှင့် စစ်ဆေးရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားရရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ စာရင်းစစ်ချုပ်ရုံးများ လိုက်နာရမည့် နိုင်ငံတကာစံများကို သိရှိနားလည်ပြီး စစ်ဆေးရေးဆိုင်ရာ ပြောင်းလဲမှုများကို မိမိတို့လုပ်ငန်းတွင် လက်တွေ့ကျင့်သုံးနိုင်မှုနှင့် ချင့်ချိန်ဆောင်ရွက်ရန်၊ ပညာရှင်ပီသစွာဖြင့် သတိသမ္ပဇဉ်ထားရှိ၍ အကြောင်းကိစ္စတစ်ရပ်ဖြစ်ပွားမှုအတွက် အကြောင်းရင်းနှင့် သက်ရောက်မှုကို အကဲဖြတ်နိုင်ရန် လိုအပ်ပါကြောင်း၊ ယခု သင်တန်းသားများသည် စစ်ဆေးရေးလုပ်ငန်းတွင် အနီးကပ်ကြီးကြပ်လမ်းညွှန်ရသူများဖြစ်သဖြင့် စစ်ဆေးသူများ စောင့်ထိန်းရမည့်ကျင့်ဝတ်များကို လိုက်နာပြီး တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်နိုင်ရန်နှင့် စည်းကမ်းမျှတစွာ စီမံခန့်ခွဲနိုင်သူများဖြစ်ရန် လိုအပ်ပါကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ကျောင်းအုပ်က သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က အခမ်းအနားသို့ တက်ရောက်လာသည့် သင်တန်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ သင်တန်းများသို့ သင်တန်းသား စုစုပေါင်း ၁၀၀ တက်ရောက်ကြမည်ဖြစ်ပြီး ISSAI Based Financial Audit၊ ISSAI Based Performance Audit၊ ISSAI Based Compliance Audit အပါအဝင် ဘာသာရပ် ခြောက်ခုဖြင့် ဖေဖော်ဝါရီ ၃ ရက်မှ ၁၉ ရက်အထိ ရုံးဖွင့်ရက်များနှင့် စနေနေ့များ အပါအဝင် နှစ်ပတ်ကြာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ထုတ်ပြန်ထားရှိသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ သင်ကြားပို့ချသွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် အသိပညာဖြန့်ဝေရေး (Knowledge Sharing Program – KSP) အစီအစဉ်အရ “ဌာနတွင်းကြီးကြပ်ကွပ်ကဲမှု အားနည်းခြင်းကြောင့် ဖြစ်ပေါ်လာသည့် စစ်ဆေးတွေ့ရှိချက်များ” ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဆွေးနွေးပွဲ အမှတ်စဉ်(၁၃)သို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ရုံးချုပ်နှင့်မြန်မာနိုင်ငံစာရင်းကောင်စီရုံးတို့မှ ဝန်ထမ်း ၁၅၅ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ၂၄၇ ဦး စုစုပေါင်း ၄၀၂ ဦးတို့သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းများနှင့်အညီ စုပေါင်းခန်းမနှင့် နေပြည်တော်သင်တန်းကျောင်းခန်းမ နှစ်ခု၊ မြန်မာနိုင်ငံစာရင်းကောင်စီရုံးခန်းနှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးတို့မှ Virtual စနစ်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပန်းတနော်မြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ပန်းတနော် ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင်များသည် ပန်းတနော်မြို့နယ် ရွှေကျောင်းမြောက်ကျေးရွာအုပ်စု ဘုရားပျိုကျေးရွာရှိ ချမ်းသာကြီးဘုန်းတော်ကြီးကျောင်းသို့ ယနေ့ နံနက် ၁၁ နာရီခွဲက ရောက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်နည်းသင်တန်းအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တော်တရကြီးကျေးရွာကွန်ကရစ်လမ်းခင်းပေးရန် တင်ပြသောလမ်းအား ကြည့်ရှုသည်။ ထို့နောက် ဆုတောင်းပြည့်ကျေးရွာရှိ ချောင်းကလေး - အိမ်မဲလမ်းခင်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်၍ ကျောင်းသုံးပစ္စည်းများ၊ ကျန်းမာရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် ချောင်းကလေးကျေးရွာရှိ တိုက်နယ်ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး နှာခေါင်းစည်းများ၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ၊ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ထို့နောက် လက်ပံကုန်းကျေးရွာအုပ်စု အနောက်ကုန်းကျေးရွာသို့ ရောက်ရှိပြီး စက်ရေတွင်းတူးဖော်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❑



# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံ အမှုဖွင့်လှစ် အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၃

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်သော ဆောင်ရွက်မှုများတွင် အဂတိလိုက်စားမှုများရှိသောကြောင့် ဥပဒေနှင့်အညီ လိုအပ်သလို စုံစမ်းစစ်ဆေးအရေးယူနိုင်ရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြု၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်းထံမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်း ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ထောက်ခံပေးရန်နှင့် ကာကွယ်စောင့်ရှောက်ပေးရန်ရည်ရွယ်၍ ပေးအပ်သော အမေရိကန်ဒေါ်လာ ၆၀၀၀၀၀ (ခြောက်သိန်း)နှင့် အကယ်ဒမီအခေါက်ရွှေ ခုနစ်ပိဿာတို့ကို သုံးကြိမ်ခွဲ၍ လက်ခံရယူခဲ့ခြင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း (ရုံးချုပ်)ဖွင့်လှစ်ရန် မြေ ၁ ဒသမ ၈၆ ဧကနှင့် အဆောက်အအုံတို့ကို လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်လျက် ထိုက်သင့်သည့် တန်ဖိုးမပေးဘဲ လျှော့နည်းသက်သာသောနှုန်းထားနှင့် ငှားရမ်းဆောင်ရွက်စေခဲ့ခြင်းကြောင့် နိုင်ငံတော်က ငွေကျပ်သန်း ၅၂၀၀ ကျော် နစ်နာဆုံးရှုံးခဲ့ခြင်း၊ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းအတွက် နေပြည်တော်ရှိ လရောင်တော စိုက်ပျိုးသက်မွေးပညာသင်တန်းကျောင်း စီမံကိန်းဆောင်ရွက်ရန် ဥတ္တရသီရိမြို့နယ်ရှိ မြေဧရိယာ ၁၀၁ ဒသမ ၃၃ ဧကနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ မြေဧရိယာ ၂၃ ဒသမ ၈၅၅ ဧကကို နေပြည်တော် စည်ပင်သာယာရေးကော်မတီထံမှ လျှောက်ထားရယူခဲ့ရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်းမဟုတ်ဘဲ ထိုက်သင့်သည့်တန်ဖိုးထက် များစွာလျှော့နည်းလျက် ပေးချေခဲ့ခြင်းကြောင့် နိုင်ငံတော်မှ ငွေကျပ်၁၉ ဘီလီယံကျော် နစ်နာဆုံးရှုံးခဲ့ခြင်း။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ မူလရည်ရွယ်ချက်ဖြစ်သည့် ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုဘဝ မြှင့်တင်ရေးလုပ်ငန်းများနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသော ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နေထိုင်ရန် နေအိမ်အဆောက်အအုံကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ အများပြည်သူက ထည့်ဝင်လှူဒါန်းထားသော အလှူငွေများထဲမှ ငွေကျပ်သန်း ၁၆၀၀ ကျော်ကို သုံးစွဲဆောက်လုပ်စေခဲ့ခြင်းတို့ကြောင့်နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ အရလည်းကောင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဟောင်း ဒေါက်တာမျိုးအောင်၊ ဒုတိယမြို့တော်ဝန်ဟောင်း ဦးရဲမင်းဦးနှင့် နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင်ဟောင်းဦးမင်းသူတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅/၆၃ အရလည်းကောင်း မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သို့ တရားစွဲတင်ပို့ခဲ့ရာ နေပြည်တော်သီးသန့် တရားရုံးတွင် ရုံးထိုင်စစ်ဆေးလျက်ရှိကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထပ်မံ စစ်ဆေးတွေ့ရှိချက်များအရ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ် ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးက ဆောင်ရွက်လျက်ရှိသော စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းများ အဆင်ပြေစေရန်အတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း လှူဒါန်းငွေအဖြစ် အကြောင်းပြ၍ ပေးအပ်သည့် အမေရိကန်ဒေါ်လာ ၅၅၀၀၀၀ (ငါးသိန်းငါးသောင်း)ကို ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း လေးကြိမ်ခွဲ၍ ရာထူးတာဝန်ကို အလွဲသုံးစားပြုကာ တံစိုးလက်ဆောင်အဖြစ် လက်ခံရယူခဲ့ခြင်းသည် အဂတိလိုက်စားမှု ကျူးလွန်ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် (၅) နယ်မြေရဲစခန်းတွင် ဖေဖော်ဝါရီ ၃ ရက်၌ ပထမ သတင်းပေးတိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိ လိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သိရသည်။

သတင်းစဉ်

## တရားမဝင် သစ်မျိုးစုံ၊ ဆိုင်ကယ်နှင့် ဆိုင်ကယ်အပိုပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး MITT ဆိပ်ကမ်း၌ ဆိပ်ကမ်းတာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော ဆိုင်ကယ်အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၇၉၈၀၀)ကိုသိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဖေဖော်ဝါရီ ၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ မော်လမြိုင်ကျွန်းမြို့နယ်တွင် သစ်မျိုးစုံ ၇၇ ဒသမ ၄၉၁၈ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၉၈၅၂၄၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ပဲခူးနှင့် တောင်ငူခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင်သစ်မျိုးစုံ ၃၀ ဒသမ ၅၄၉၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၉၃၃၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်တွင် (လိုင်စင်မဲ့) FEILING 125 ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ဖေဖော်ဝါရီ ၁ ရက်နှင့် ၃ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၇၇၄၃၇၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာ အမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၂-၂၀၂၂ သောကြာနေ့

### MRTV HD

- ၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၉:၃၀ မျက်မှောက်ရေးရာ အပြာပြာ
- ၀၉:၄၀ စိန်ရတုပြည်ထောင်စုနေ့ ဝဏ်ပြုတေး
- ၀၉:၄၅ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၁၁:၁၅ ကချင်တိုင်းရင်းသားတို့၏ ချစ်စရာရိုးရာအိမ်ကလေးများ
- ၁၁:၄၅ ကလောင်စွမ်းဖြင့် ဉာဏ်အလင်းတံခါး ဖွင့်ပေးကြသူများ
- ၁၃:၃၀ MRTV National News
- ၁၅:၁၅ မနောအလှ Fashion Show
- ၁၆:၃၅ လူငယ်မျိုးဆက်သစ်အစီအစဉ်
- ၁၇:၀၅ အလှပြာဝေမနောမြေ
- ၁၇:၂၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ)(ဒုတိယပိုင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ သုတဝေဖြာ သီရိဂေဟာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါး အချစ်ချိုချို' (အပိုင်း-၁၈)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'တူယှဉ်နွဲ့ပျော် ဂီတပွဲတော်' သီချင်းဆိုပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဒုတိယအဆင့်)(စိတ်ကြိုက်တေး)

သောကြာနေ့ ညတိုင်းတွင် တေးဂီတပျော်ပြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

### mitv

- 07:01 Union Blood (Pann Nu Yin, Pann Su Thwin)
- 07:06 Chef Life: Ce'dric Davoine (French Chef)
- 07:31 Myanmar's Traditions and Culture: Caves of Myanmar
- 08:01 Skilful Marionette Performance of New Generation Artistes
- 08:16 Maha Muni Pagoda
- 08:26 Discovering Tribes: Ancient Kayah- their life and customs
- 09:01 News
- 09:27 Global Partnership for Brighter Future: Costa Rita Pavilion at Expo 2020 Dubai
- 09:36 Myanmar Bamboo Xylophone (or) Pattala
- 09:41 The Great Collector: Myanmar Antique Furniture and Handicraft
- 10:01 Dengue Fever
- 10:16 Chef Life "Oliver E Soe Thet"

### MRTV NRC

**စကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
အသားစားကြက်မွေးမြူရေး

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ရောဝတီရဲ့အရိုင်းဆန်တဲ့အလှ ဂေါ်ရန်ဂိုကျွန်း(အပိုင်း-၂)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ဆီးချိုရောဂါအတွက် စားပေးသင့်သော သစ်သီးများ

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၂)

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မှုစ်ချဉ်နှင့်ငါးရံ့ဟင်း

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ရခိုင့်လာဘ်ကောင်ဗျာလွှအကြောင်း

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
မောရှမ်းနှင့်ရွှေမန်းနယ်စပ်ကာသာယာ လှပဆင်ခေါင်းတောင်အလှ

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ရောင်စုံပန်းတို့ရဲ့ဒိုင်ယာရီ

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ကချင်ရိုးရာထမင်းဟင်းထုပ်

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
တွဲလက်ညီညီသစ္စာတည်(အပိုင်း-၂)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'လူမိုက်တို့သွားရာလမ်း'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၂)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း(သီရိလင်္ကာနိုင်ငံ) (အပိုင်း-၁)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUGနှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့် ဖြစ်စေ၊ ပြုလုပ်မှုဖြင့် ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ပြည်ထောင်စုနယ်မြေ ပုဗ္ဗသီရိမြို့နယ်နေ သန္တာလင်းသည် ၎င်းအသုံးပြုသည့် “Lin Htet Naing” Facebook အကောင့်၊ ကရင်ပြည်နယ် ဘားအံမြို့နေ ဒေါက်တာမိသီရိနန္ဒာကျော်သည် ၎င်းအသုံးပြုသည့် “Hpa–An News” Facebook Page၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့ ဆင်ကန်းရပ်ကွက်နေ မဇာနည်ထွန်း(ခ) ဇာလေး (၄၁)နှစ်သည် ၎င်းအသုံးပြုသည့် “ဇာနည်ထွန်း” Facebook အကောင့်၊ အင်းစိန်မြို့နေ ဟိန်းကိုသက်သည် ၎င်းအသုံးပြုသည့် “မှန်လေးမှန်” Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့နေ ရဲဝင်းမိုးသည် ၎င်းအသုံးပြုသည့် “Yae Win Moe(Ko Ye)” Facebook အကောင့်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နေ မြင့်သိန်းလွင်သည် ၎င်းအသုံးပြုသည့် “Myint Thein Lwin” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စဉ့်ကိုင်မြို့နယ် စည်ပင်သာယာဈေးအတွင်း ဈေးရောင်းချနေသူများဖြစ်သည့် စဉ့်ကိုင်မြို့နေ ထွေးပိုင်၊ ဇင်ဇင်ဝင်း၊ ချယ်ရီဇင်၊ သင်းသင်းရှိန်၊ လင်းလင်းထိုက်၊ ကျော်မျိုးဟိန်း၊ ဝင်းနိုင်၊ မြမြစန်း၊ သင်းနုဝေ၊ ဖြူဖြူသက်နိုင်၊ ကျော်စန်း၊ မြင်းခြံမြို့နေ အမှတ်(၁၆) ရပ်ကွက် စံပြဈေးမှ ဈေးတာဝန်ခံ ချစ်ဆွေ၊ တင်ထွန်း၊ မြင့်ဦးနှင့် ဈေးရောင်းချသူ သူဇာမျိုးနှင့် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် (၉)ရပ်ကွက် (၃၂) အောက်လမ်း အမှတ်(၇၃) မြေညီထပ်ရှိ “ပြည်တော်သာကျားသဘော်” လက်ဖက်ခြောက်ဆိုင်ပိုင်ရှင် ဝင်းသိန်းပါ ၁၂ ဦးတို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး သယ်ဆောင်လာသည့် လူမှုကူညီရေးယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**❖ စစ်ကိုင်းတိုင်းဒေသကြီးမှ**

ကာကွယ်ဆေးများအား စစ်ကိုင်းမြို့နယ် ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများက SGG 4L–3365 နှင့် HSE/1613 နံပါတ်တပ်ဆင်ထားသည့် Toyota Hiace အမျိုးအစားလူမှုကူညီရေးယာဉ် နှစ်စီးဖြင့် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ထုတ်ယူခဲ့ပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မုံရွာ–မန္တလေး ကားလမ်းအတိုင်း ပြန်လည်ထွက်ခွာလာခဲ့ရာ ချောင်းဦးမြို့နယ် နတ်ရေကန်ကျေးရွာအနီး မုံရွာ–မန္တလေး ကားလမ်း မိုင်တိုင်အမှတ် ၆၁ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံအကြားအရောက်၌ PDF အမည်ခံအကြမ်းဖက်သမားများက လမ်း၏ ဝဲဘက်အခြမ်းမှ လက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သည်။ ထိုသို့ တိုက်ခိုက်ခဲ့သဖြင့် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများ သယ်ဆောင်လာသည့် လူမှုကူညီရေးယာဉ်ပေါ်ပါ ယာဉ်မောင်းနှင့် ကျန်းမာရေးဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း HSE/1613 လူမှုကူညီရေးယာဉ်၏ ရှေ့လေကာမှန်ကွဲအက်ကာ ယာဉ်၏ ဝဲဘက်နောက်ဘီး ပွင့်ထွက်ပျက်စီးခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးပြီး အကြမ်းဖက်သမားများ၏ မိုင်းဆွဲတိုက်ခိုက်ခဲ့မှုကြောင့် ပျက်စီးခဲ့သည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး တင်ဆောင်လာသည့် လူမှုကူညီရေးယာဉ်အား ပြန်လည်ပြင်ဆင်၍ စစ်ကိုင်းမြို့သို့ လိုက်ပါပို့ဆောင်ပေးခဲ့သည်။

ထိုကဲ့သို့ ပြည်သူများအား ထိုးနှံပေးမည့် ကိုဗစ်–၁၉ ကာကွယ်ဆေးများ သယ်ဆောင်လာသည့် လူမှုကူညီရေးယာဉ်များအား မိုင်းဆွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော် စစ်ကြောင်းများနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် လက်ကောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ သင်ရိုးညွှန်းတမ်းစာအုပ်များအား မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**❂ မန္တလေးတိုင်းဒေသကြီးမှ**

စာသင်ခုံအဟောင်း နှစ်လုံးနှင့် ကျောင်းသင်ရိုးညွှန်းတမ်းစာအုပ်များ (တန်ဖိုးငွေကျပ် သုံးသိန်းခန့်) မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး ကျောင်းဆောင်အား မီးကူးစက်လောင်ကျွမ်းခဲ့မှုမရှိကြောင်း သိရသည်။

ထိုကဲ့သို့ ကလေးသူငယ်များ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည့် ကျောင်းအတွင်းရှိ သင်ရိုးညွှန်းတမ်းစာအုပ်များကို မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘီးလင်းမြို့ ဘီးလင်း-နတ်ကြီးကားလမ်းဘေး၌ အပြစ်မဲ့ပြည်သူများ ထိခိုက်သေကျေစေရန်ရည်ရွယ်၍ လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ လက်လုပ်မိုင်းတပ်ဆင်သူ အကြမ်းဖက်သမား သေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

မွန်ပြည်နယ် ဘီးလင်းမြို့ ဘီးလင်း–နတ်ကြီး ကားလမ်းဘေး၌ အပြစ်မဲ့ပြည်သူများ ထိခိုက်သေကျေစေရန်ရည်ရွယ်၍ လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ လက်လုပ်မိုင်းတပ်ဆင်သူ အကြမ်းဖက်သမားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် ဘီးလင်းမြို့ ဗိုလ်တေဇရပ်ကွက် ဘီးလင်း–နတ်ကြီးကားလမ်းဘေး၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ဘီးလင်း–နတ်ကြီး ကားလမ်းပေါ်ရှိ တံတားအမှတ်(၁/၄)အနီး လမ်း၏ယာဘက် သုံးပေခန့်အကွာ၌ အကြမ်းဖက်သမား တစ်ဦးက အဆိုပါလမ်းပေါ် သွားလာလှုပ်ရှားနေသည့် အပြစ်မဲ့ပြည်သူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိခိုက်သေကျေ၊ ဒဏ်ရာရရှိစေရန်အတွက် လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ ပေါက်ကွဲမှုကြောင့် အဆိုပါအမျိုးသား၏ ခန္ဓာကိုယ်မှာ အပိုင်းပိုင်းပြတ်ကာ သေဆုံးနေပြီး ပေါက်ကွဲထားသည့်နေရာမှ ဓာတ်ခဲအသေး တစ်လုံး၊ ဆားကစ်ပြားတစ်ခုတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထိုကဲ့သို့ အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်တိုက်ခိုက်ရန်အတွက် လမ်းဘေး၌ မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ သေဆုံးခဲ့သည့် အကြမ်းဖက်သမားနှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်း ရေးဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကျွာ လွန်ချမ်းသာ

# ပုလဲမြို့နယ် အင်မထီးကျေးရွာရှိနေအိမ်များအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးမှုနှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် အင်မထီးကျေးရွာရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ စခန်းနှင့် ကျေးရွာအနီးတစ်ဝိုက်သို့ ဇန်နဝါရီ ၃၀ ရက် ညနေပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက ရွာ၏တောင်ဘက်နှင့် အရှေ့တောင်ဘက်တို့မှ အင်အားအလုံးအရင်းဖြင့် ချဉ်းကပ်တိုက်ခိုက်လာခဲ့ပြီး ကျေးရွာနေအိမ်များအား မီးရှို့ဖျက်ဆီးထွက်ပြေးသွားခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ ကျေးရွာတွင်းရှိ နေအိမ်များအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးသွားခဲ့ခြင်းဖြစ်သော်လည်း အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၊ ၎င်းတို့၏ လက်ဝေခံလူပုဂ္ဂိုလ်အချို့နှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် ပြည်ဖျက်မီဒီယာအချို့တို့က လူမှုကွန်ရက်စာမျက်နှာများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သကဲ့သို့ မဟုတ်မမှန် သတင်းအမှားများကို ဝါဒဖြန့်ရေးသားလျက်ရှိသည်။

၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ အင်မထီးကျေးရွာရှိ ဒေသခံရွာသားတစ်ဦးက PDF အမည်ခံ အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်နေကြသည့် အပြစ်မဲ့ပြည်သူများ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်များကိုပါ သတ်ဖြတ်ပြီး မီးရှို့ဖျက်ဆီးမှုများကြောင့် အပြစ်မဲ့ပြည်သူများ အိုးမဲ့အိမ်မဲ့ဖြစ်ကာ ကလေးသူငယ်များပါ အနာဂတ်ပျောက်သွားရပြီဖြစ်ကြောင်း၊ ပြည်သူများ၏ဘဝကို ကိုယ်ချင်းစာပေးစေလိုပြီး ယခုကဲ့သို့ လုပ်ရပ်များကို ဘာကြောင့်လုပ်ဆောင်ရကြောင်းစသည့် မေးခွန်းများစွာဖြင့် စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည်။

**အမျိုးသားတစ်ဦး**

ကျွန်တော်တို့ဘဝက တောင်သူတွေပါ။ အဲဒီတောင်သူတွေရဲ့ဘဝတစ်ခုကို အေးအေးချမ်းချမ်းနေတာပါ။ အဲဒါကို ရက်ရက်စက်စက် သက်ကြီးရွယ်အိုတွေ၊ ကလေးတွေ၊ ကိုယ်ဝန်ဆောင် မိခင်တွေအားလုံးကို ဘာကြောင့်သတ်ရသလဲဆိုတဲ့ မေးခွန်းကိုမေးချင်ပါတယ်။ အခုဆို ကျွန်တော်တို့ မိသားစုဘဝ ဘယ်လောက်ပျက်သွားပြီလဲ။ ကျွန်တော်တို့တောင်သူတွေ ခဲကုန်းတွေ မှာလုပ်စားကြရပါတယ်။ အခု ကျွန်တော်တို့ရဲ့ရှိစု မဲ့စုလေးတွေ ကုန်သွားပါပြီ။ ဆိုင်ကယ်တွေ၊ မီးစက်တွေ၊ စပါးပုတ်တွေ၊ ပဲစင်းငုံတင်း ၅၀ မီးလောင်သွားပါပြီ။ မနှစ်က ကုလားပဲအကျန်တွေ၊ မြေဩဇာတွေ၊ ဆီပုံးတွေ၊ နွားစားစဉ်းစက်တွေကို ကျွန်တော်တို့ ဘယ်လိုပြန်တည်ဆောက်ရမလဲ။ လှည်းလည်း တစ်ခြမ်းလောင်သွားတယ်။ ကိုယ်ချင်းစာပါတယ်။ ကျွန်တော်တို့ တောင်သူတွေဘဝက ဘာမှမသိဘူးဗျ။ မသိတဲ့ လူတန်းစားတွေကိုမှ ဘာလို့အနိုင်ကျင့်ရတာလဲ။ ကျွန်တော်တို့ ဘဝလေးကို ငြိမ်းငြိမ်းချမ်းချမ်းနေတာပါ။ ပြည်သူတွေ၊ သက်ကြီးရွယ်အိုတွေ၊ ကလေးတွေဘဝကို အိုးမဲ့အိမ်မဲ့ ဖြစ်အောင် ဘာကြောင့်များ လုပ်နေရတာလဲ။ ကျွန်တော်တို့နေရာကို ခင်ဗျားတို့ကိုယ်တိုင် ဝင်ပြီး ခံစားကြည့်ပါ။ ကျွန်တော်တို့ သား သမီးတွေကို ဘယ်လိုများ ကျောင်းထားရတော့မလဲ။ ဒါတွေကို ကိုယ်တိုင်ခံစားကြည့်ပြီးမှ လုပ်မယ်ဆို ပိုမကောင်းဘူးလား။ အခု ကျွန်တော်တို့ဘဝတွေ ပျက်သွားပြီ၊ လမ်းပေါ်ရောက်သွားပြီ။ အိမ်လည်းမရှိတော့ဘူး။ ပြည်သူတွေကို ခင်ဗျားတို့ သက်ညှာပေးပါ။ ပြည်သူ့စစ်ဖွဲ့တာနဲ့ ဘာကြောင့်လုပ်ရတာလဲကို PDF တွေအားလုံးကို မေးချင်တယ်။ ကျွန်တော်တို့ အေးအေးဆေးဆေးနေနေတဲ့ ပြည်သူတွေရဲ့ဘဝကို ဘာကြောင့် သတ်ဖြတ်ချင်ရတာလဲ၊ ဘာကြောင့် ဖျက်ဆီးချင်ရတာလဲ ကျွန်တော်တို့ကို ဖြေပေးသွားပါ။ ကျွန်တော်တို့ဘဝတွေက မပြောပြနိုင်လောက်အောင် ခံစားနေရပြီး ခင်ဗျားတို့က အောင်ပွဲခံနေကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ သားသမီးတွေကို ကိုယ်ချင်းစာပေးပါ၊ ပြည်သူလူထုကို ကိုယ်ချင်းစာပေးပါ။ အခု မီးလောင်ပြင်ကြီးဖြစ်သွားတော့ နွားတွေလည်း မစားရဘဲ ငတ်နေကြတာကို သိရဲ့လား။ ကျွန်တော်တို့က အေးအေးဆေးဆေးနေချင်တာ။ ဒါပေမဲ့ ခင်ဗျားတို့က ရက်ရက်စက်စက် သတ်ပစ်တယ်။ ခင်ဗျားတို့အပေါ် ဘာတွေများ ကျူးလွန်ခဲ့လို့လဲ။

**အမျိုးသမီးတစ်ဦး**

အိမ်ဆိုရင် ထရံကာ မြေစိုက်တစ်ထပ်အိမ်ဖြစ်ပါတယ်။ နှမ်းအိတ်၊ ဆန်အိတ်၊ ပဲစင်းငုံ၊ အဝတ်ချုပ်စက်ကအစ အကုန်ဘာမှမကျန်ဘူး။ ကျုပ်တို့က ဘာအပြစ်မှမရှိဘဲ ဘဝဆိုးအောင်လုပ်သွားတယ်။ အခုဆိုအပြစ်မဲ့တဲ့ အဘိုးအိုကြီးကို ရက်စက်သွားတယ်။ အခု ကျုပ်တို့က အမေအိုကြီးနဲ့အတူ ခံစားနေရတယ်။ အိမ်သားတွေလည်း မရှိဘူး။ ဘေးအိမ်တွေကလည်း သူတို့ အိမ်နဲ့သူတို့ဆိုတော့ အဖေအိုကြီးကို မကယ်နိုင်ကြဘူး။ အဖေအိုကြီးကို ဘာကြောင့်များ ရက်စက်သွားရတာတုံးလို့ မေးချင်ပါတယ်။ သားတစ်ယောက်က ထိုင်းမှာ၊ မြေးတွေက ဖားကန့်၊ ရန်ကုန်၊ မန္တလေးတို့မှာ အလုပ်လုပ်နေကြတယ်။ အခုကျုပ်တို့ဘဝကို ဘယ်လိုများလုပ်ရမှာတုံး။ ကျုပ်တို့ဘဝကဆုံးပြီ။ ဘယ်လိုလုပ်ကိုင်စားရမှာတုံး အိုးမဲ့ အိမ်မဲ့ဖြစ်နေပြီ။ ခြံစရာစောင်တောင်သူများဆီက တောင်းနေရတဲ့ အဖြစ်ရောက်နေပြီ။ ကျုပ်တို့က အများကြိုက်အောင်လည်း လိုက်ပါတယ်။ ဘာမှမုန်းအောင်လည်း မပြောပါဘူး။ အဘိုးကြီးဆိုလည်း ဘာမှကို မပြောတာပါ။ အခုတော့ အဘိုးကြီးကို သူတို့မို့ ရက်စက်တယ်။ ဘယ်လိုကြောင့် ရက်စက်တယ်ဆိုတာကို သိချင်ပါတယ်။

**အမျိုးသားတစ်ဦး-လူလတ်ပိုင်း**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ အင်ကြင်းကျေးရွာမှာနေတဲ့ ပြည်သူတစ်ယောက်ပါ။ ကျွန်တော်တို့ရွာကို ပြည်သူ့စစ်ကာကွယ်ရေးဖွဲ့မယ်ဆိုပြီး ရောက်လာခဲ့တယ်။ ရောက်လာပြီး မကျေနပ်လို့ဆိုပြီး ပုလဲမြို့နယ်အတွင်းမှာရှိတဲ့ PDF တွေနဲ့ ကျွန်တော်တို့ရွာမှာရှိတဲ့ PDF တွေ ပူးပေါင်းပြီး ၃၀-၁-၂၀၂၂ ရက်နေ့မှာ ညနေ ၄ နာရီခွဲလောက်မှာ မီးလောင်တိုက်သွင်းခဲ့ပါတယ်။ မီးလောင်တိုက်သွင်းတဲ့အချိန်မှာ အပြစ်မဲ့တဲ့ သူတွေကို "(ဆဲဆို၍) ရှို့ကြဟေ့၊ ရှို့ကြဟေ့)ဆိုပြီး မီးလောင်တိုက်သွင်းခဲ့ပါတယ်။ မီးလောင်တိုက်သွင်းတဲ့ အချိန်မှာ အပြစ်မဲ့တဲ့ ပြည်သူတွေကို ထွက်ပြေးရင် ပစ်သတ်တယ်၊ မပြေးရင် မီးထဲထည့်ပစ်တယ်။ အဲဒီလောက်ထိ ဘာကြောင့် ရက်စက်တာလဲ။ အခု ကျွန်တော်တို့မှာ ဘယ်လောက်ခက်ခဲလဲဆိုရင် စာသင်ကျောင်းထဲမှာ မိသားစုတွေနေစရာမရှိ၊ စားစရာမရှိ၊ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဘာမှကို မယူနိုင်ခဲ့ဘူး။ စုဆောင်းခဲ့တဲ့ မိုးတွင်းသီးနှံတွေလည်း ဘာမှ မရောင်းရသေးဘူး။ မရောင်းရသေးတဲ့ ပဲတွေကို ပုတ်ထဲမှာ ထည့်ထားတာ အကုန်လုံး မီးလောင်သွားတယ်။

အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမားများ မီးရှို့ခဲ့သည့် အင်မထီးကျေးရွာသို့ ဇန်နဝါရီ ၃၁ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့် အဖွဲ့ဝင်များက သွားရောက်၍ ဒေသခံကျေးရွာသူကျေးရွာသားများအား ကျေးရွာစာသင်ကျောင်း၌ တွေ့ဆုံ အားပေးစကားပြောကြားပြီး ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများ၊ ထောက်ပံ့ငွေများနှင့် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ပြီး ကျေးရွာသူ ကျေးရွာသားများအား နေအိမ်များတွင် အေးချမ်းစွာပြန်လည်နေထိုင်နိုင်ရန် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူလူထုအနေဖြင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း သိရသည်။

**သတင်းစဉ်**




အမျိုးသားတစ်ဦး




အမျိုးသမီးတစ်ဦး




အမျိုးသားတစ်ဦး-လူလတ်ပိုင်း



(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် တည်ဆောက်ရေး ၉ လမ်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က ကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

အေးခိုင်(သာယာဝတီ)

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ သတင်းနှင့် သတင်းဆောင်းပါးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ယနေ့ကာလတွင် သတင်းတုသတင်းအမှားများကြောင့် မလိုလားအပ်သောဖြစ်စဉ်များ ပေါ်ပေါက်လျက်ရှိသဖြင့် အဆိုပါ သတင်းတု သတင်းအမှားများကို ချေဖျက်ရန် လိုအပ်သကဲ့သို့ သတင်းအမှန်များကိုသာ ရေးသားဖြန့်ချိသူများကိုလည်း ချီးမြှင့်ဂုဏ်ပြုထိုက်သည်ဟု ယူဆပါသဖြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက သတင်း/သတင်းဆောင်းပါးဆု ပြိုင်ပွဲတစ်ရပ်ကျင်းပကာ ဆုများချီးမြှင့်သွားမည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်လိုသော သတင်းမီဒီယာသမားများသည် ပုဂ္ဂလိက သတင်းစာ/ဂျာနယ်/ စာစောင်များနှင့် အွန်လိုင်းမီဒီယာကဏ္ဍများတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အတွင်း ရေးသားဖော်ပြထားသော သတင်း(သို့မဟုတ်) သတင်းဆောင်းပါး (သို့မဟုတ်) သတင်းနှင့်ဆောင်းပါးပူးတွဲပုဒ်ရေ ခုနစ်ပုဒ်ထက်မနည်းကို ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ Email လိပ်စာ(mmpresscouncil@gmail.com) သို့လည်းကောင်း၊ စာတိုက်မှတစ်ဆင့် သတင်းမီဒီယာကောင်စီရုံးလိပ်စာ (အမှတ် ၃၉၂-၃၉၆၊ ကုန်သည်လမ်း၊ (၉)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်)သို့လည်းကောင်း မိမိ၏ကိုယ်ရေး မှတ်တမ်း/လိပ်စာ အပြည့်အစုံရေးသားဖော်ပြ၍ ပေးပို့နိုင်ပါကြောင်းနှင့် ချီးမြှင့်မည့်ဆုငွေများမှာ ပထမဆု ကျပ် ၁၂ သိန်း၊ ဒုတိယဆု ကျပ်ကိုးသိန်း၊ တတိယဆု ကျပ်ခြောက်သိန်း၊ အထူးဆုတစ်ဆုလျှင် ကျပ်သုံးသိန်းဖြင့် အထူးဆု သုံးဆုတို့ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲသည် သတင်းဌာနများအနေဖြင့်မဟုတ်ဘဲ သတင်းမီဒီယာသမားများအနေဖြင့်သာ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ညီညွတ်ခြင်းသည် အင်အား တိုင်းရင်းသားများ လက်တွဲထား ပြည်ထောင်စု၏ ပြည့်ခွန်အား

# SARS-CoV-2 Variant Omicron (အိုမီခရွန်)ရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

(၃-၂-၂၀၂၂) ရက်နေ့

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် "ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုးစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်း" များကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ ကယ်ဆယ်ရေး လေယာဉ် (Relief Flight) များဖြင့် ပြန်လည်ဝင်ရောက်လာသူများတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်)ရောဂါပိုးတွေ့ရှိမှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာပြီး ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူများ၏ ဓာတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုးတွေ့ရှိနိုင်သည့် သံသယ ဖြစ်ဖွယ် ဓာတ်ခွဲနမူနာ (၄၆)ခုအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇစစ်ဆေးခြင်းကို အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနတွင် (၃-၂-၂၀၂၂)ရက်နေ့က ဆောင်ရွက်ခဲ့ရာ SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးကို ဓာတ်ခွဲနမူနာ(၂၈)ခုတွင် တွေ့ရှိရပါသည်။

၃။ အဆိုပါ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူ မြန်မာနိုင်ငံသား(၂၈)ဦးမှာ Relief Flight များဖြင့်ဝင်ရောက်လာသူများဖြစ်ပြီး စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၁၂) ဦး၊ ယူအေအီးနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၅)ဦး၊ မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၅)ဦး၊ တောင်ကိုရီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၄)ဦး၊ အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၁) ဦးနှင့် အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၁)ဦးတို့ဖြစ်ကြပါသည်။

၄။ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူများအား သီးသန့်ထားရှိကာကုသစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့နှင့်လေကြောင်းခရီးစဉ်တွင်အတူလိုက်ပါလာသည့်ခရီးသည်များအားလည်း အသွားအလာကန့်သတ်ခြင်း(Strict Quarantine)နှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများအား အထူးအားဖြည့် ဆောင်ရွက်လျက်ရှိပါသည်။

၅။ ယနေ့အထိ SARS-CoV-2 Variant Omicron (အိုမီခရွန်)ရောဂါပိုးစစ်ဆေးတွေ့ရှိသူဦးရေ စုစုပေါင်း (၃၄၈) ဦး ရှိပြီဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သူများနှင့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ထောက်ပံ့နေသူများကို ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၅၈)ရပ်ကွက် ဦးအုန်းလွင်လမ်းနေ ထက်ကိုဦး(ခ)ကတုံး(ဘ)ဦးငွေအောင်သည် ၂၀၂၁ ခုနှစ် စက်တင်ဘာလမှစ၍ ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် တက်ကြွစွာပါဝင်လှုပ်ရှားခြင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ်သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၅)ရပ်ကွက် ဦးအုန်းလွင်လမ်းရှိ အထည်ချုပ်စက်ရုံအတွင်း၌ FCG-9 သေနတ်တစ်လက်၊ ၉ မမကျည် ၂၃၈ တောင့်၊ ကျည်အိမ် သုံးခု၊ အပစ်ခလုတ် တစ်ခု၊ သေနတ်ဒင်အစိတ်အပိုင်း တစ်ခု၊ ကိုယ်ထည်အစိတ်အပိုင်း တစ်ခု၊ သေနတ်ပြောင်း ခြောက်ခု၊ မောင်းပြန်စပရိန် တစ်ချောင်း၊ လက်လုပ်မိုင်း လေးလုံး၊ TNT မိုင်း လေးလုံး၊ ယမ်းကြိုး တစ်ထုပ်၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်း တစ်လုံးတို့ကို သိမ်းဆည်းထားခဲ့ခြင်းဖြင့် အကြမ်းဖက်ဖုံးခွဲတိုက်ခိုက်မှုဆိုင်ရာပြစ်မှုကို ကျူးလွန်ခဲ့ခြင်းအတွက်ကြောင့်လည်းကောင်း။



တရားခံ
ထက်ကိုဦး(ခ)ကတုံး



တရားခံ မျိုးမြင့်မြတ်အောင်(ခ)
မျိုးကြီး(ခ)အောင်လေး




တရားခံ
ဝေယံထက်(ခ)နိုင်ကြီး

ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းမြို့နယ် စံပြရပ်ကွက် စံပြ(၁)လမ်း အမှတ်(၃၇၁)နေ ဝေယံထက်(ခ)နိုင်ကြီး(ဘ)ဦးဇော်မင်းလှိုင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၅)ရပ်ကွက် ကြေးတိုင်လမ်း အမှတ်(၂၈)နေ မျိုးမြင့်မြတ်အောင်(ခ)မျိုးကြီး(ခ)အောင်လေး(ဘ)ဦးကျော်ဇေယျာအောင်နှင့် (၄၀)ရပ်ကွက် ဗိုလ်တေဇလမ်း အမှတ်(၉၉)နေ ဝင်းဇော်မိုး(ခ)မိုးဟိန်း(ခ)Brain Wave (ဘ)ဦးကျော်မင်းမင်းကိုတို့သည် တောင်ဥက္ကလာပမြို့မရဲစခန်းအား ၄၀ မမလောင်ချာတစ်လက်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြင့် အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကို ဖြစ်စေ၊ အများပြည်သူ(သို့မဟုတ်) တစ်ဦးတစ်ယောက်အတွက်အရေးကြီးသော အခြေခံအဆောက်အဦများကို ဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အဦကိုဖြစ်စေ ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်ခဲ့ခြင်းကြောင့် လည်းကောင်း စစ်အုပ်ချုပ်ရေး (Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ဈ)၊ ရာဇသတ်ကြီး ပုဒ်မ-၅၀၅(က)(က)နှင့် ၅၀(က)တို့အရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ၎င်းတို့ကို "ထောင်ဒဏ်တစ်သက်" ပြစ်ဒဏ် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများအနက်မှ ထွက်ပြေးလွတ်မြောက်နေသူများကို ၎င်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၈၇၊ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့် ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ် တည်င်းကုန်းဈေး၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေး

**ရန်ကုန် ဖေဖော်ဝါရီ ၃**



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် ကိုဗစ်-၁၉ ဗီဇပြောင်း မျိုးကွဲ အိုမီခရွန် ရောဂါပိုး ကြိုတင်ကာကွယ်ရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးတို့ကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီက ဦးဆောင်၍ ယမန်နေ့ နံနက် ၁၁ နာရီတွင် နှာခေါင်းစည်းများ တည်င်းကုန်းဈေး၌ ပြည်သူများလက်ဝယ်အရောက် အခမဲ့ဖြန့်ဝေပေးခဲ့ကြသည်။

အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ အသိပညာပေးနှိုးဆော်ခြင်း၊ ပြည်သူလူထု လက်ဝယ်အရောက် နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်းတို့ကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များအတိုင်း တာဝန်ရှိသူများက ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ အင်းစိန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်၊ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ တည်င်းကုန်းဈေး စည်ပင်ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ဈေးဝယ်လာပြည်သူများနှင့် ဈေးရောင်းချသူ ပြည်သူများ လက်ဝယ်အရောက် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နှာခေါင်းစည်း အခု ၅၀၀၀ ကို ဖြန့်ဝေတပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

■

# မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနေသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ပြန်လည်ဝင်ရောက်နိုင်ရေး ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ကမ္ဘာတစ်ဝန်းဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ကူးစက်ရောဂါ အခြေအနေကြောင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်လျက်ရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် လုပ်ငန်းများခေတ္တရပ်ဆိုင်း၍ ၂၀၂၀ ပြည့်နှစ်အတွင်း သက်ဆိုင်ရာနိုင်ငံများသို့ ခေတ္တပြန်လည်ထွက်ခွာသွားခဲ့ကြသည်။

### ပြန်လည်ဝင်ရောက်လာ

ယခုအချိန်တွင် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါပြန့်ပွားမှုကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ပြီဖြစ်ခြင်းနှင့် စက်ရုံ၊ အလုပ်ရုံများ ပုံမှန်လည်ပတ်နိုင်သည့် အခြေအနေများရှိလာပြီဖြစ်ခြင်းတို့ကြောင့် အဆိုပါလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာလျက်ရှိသည်။ ၂၀၂၁ ခုနှစ် မေလမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ နိုင်ငံပေါင်း ၅၀ မှ နိုင်ငံခြားသား ၉၀၁၀ တို့သည် ကယ်ဆယ်ရေးလေယာဉ်၊ စင်းလုံးငှားလေယာဉ်တို့ဖြင့် ဝင်ရောက်လာခဲ့ပြီး ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်လျက်ရှိပြီဖြစ်သည်။

### ကူညီဆောင်ရွက်ပေးလျက်ရှိ

ယင်းသို့ ပြန်လည်ဝင်ရောက်လာသည့် နိုင်ငံခြားသားများ အဆင်ပြေချောမွေ့စွာ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနသည် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပြီး ထပ်မံ၍ဝင်ရောက်လာမည့် နိုင်ငံခြားသားစီးပွားရေးလုပ်ငန်းရှင်များ ချောမွေ့စွာ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဘတ်စ်ကားပြေးဆွဲသည့် လုပ်ငန်းရှင်များအား ၂၀၂၆ ခုနှစ်မှစတင်၍ လျှပ်စစ်ကားများကိုသာ ဝယ်ယူအသုံးပြုရန် အစ္စရေး ညွှန်ကြား

ဂျေရုဆလင် ဖေဖော်ဝါရီ ၃

အစ္စရေးနိုင်ငံရှိ ဘတ်စ်ကား ပြေးဆွဲသည့် လုပ်ငန်းများသည် ၂၀၂၆ ခုနှစ်မှစတင်၍ လျှပ်စစ်ကားများကိုသာ ဝယ်ယူပြေးဆွဲသွားရမည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ယမန်နေ့တွင် ကြေညာခဲ့သည်။

ကနဦးအနေဖြင့် နိုင်ငံအတွင်း ၂၀၂၄ ခုနှစ်တွင် လျှပ်စစ်ကား အနည်းဆုံး ၃၀ ရာခိုင်နှုန်း အသုံးပြုသွားမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်း အသုံးပြုသွားမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်အရ သိရသည်။ နိုင်ငံအတွင်းရှိ အများပြည်သူဆိုင်ရာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများသည် ၂၀၃၆ ခုနှစ်မှစတင်၍ ဖန်လုံအိမ်ဓာတ်ငွေ့ကင်းစင်သည့် လုပ်ငန်းအဖြစ် ရပ်တည်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း ဒီဇယ်ဆီဖြင့် ပြေးဆွဲသော ဘတ်စ်ကား အရေအတွက်မှာ တစ်ရာခိုင်နှုန်းအောက် လျော့နည်းသော်လည်း ယင်းဘတ်စ်ကားများမှ နိုက်ထရိုဂျင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှု ၁၆ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။ ယခုအသုံးပြုရန် ဆောင်ရွက်နေသည့် လျှပ်စစ်ကားများသည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၈၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ






# ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုပြည်နယ်၌ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူ ၂၈ ဦးအထိရှိလာ

ဆော်ပေါ်လို ဖေဖော်ဝါရီ ၃

ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုပြည်နယ်၌ ပြီးခဲ့သည့် သီတင်းပတ်ကုန်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုမှတစ်ဆင့် ဖြစ်ပေါ်သော ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူ ၂၈ ဦးအထိရှိကြောင်း ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့က ဖေဖော်ဝါရီ ၂ ရက်တွင် ပြောကြားသည်။

ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုပြည်နယ်၏ ဖရန်ကိုဒါရိုချာဒေသနှင့် ဂျာအူးဒေသတို့တွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပွားပြီးနောက်ပိုင်း အနည်းဆုံး ခုနစ်ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဆော်ပေါ်လိုမီးသတ်ဌာနက ပြောကြားသည်။ ဆော်ပေါ်လိုပြည်နယ်၌ ဇန်နဝါရီ ၂၉ ရက်မှစတင်ကာ မိုးသည်းထန်စွာရွာသွန်းမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် မိသားစု ၆၀၀ ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသမ္မတ ဘိုလ်ဆိုနာရိုသည် ဖရန်ကိုဒါရိုချာဒေသနှင့် အခြားသော ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရသည့် ဒေသများသို့ ဖေဖော်ဝါရီ ၁ ရက်တွင် သွားရောက်ခဲ့ပြီး အကူအညီများပေးအပ်ရန် ကတိကဝတ်ပြုခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်



# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၂ သန်းကျော်ရှိလာ

မော်စကို ဖေဖော်ဝါရီ ၃

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၅၇၆၈ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၂၈၄၅၆၄ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၆၇ ဦးရှိခြင်းကြောင့် လက်ရှိတွင် အဆိုပါရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၃၃၃၃၅၇ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၅၃၇၂၄ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၁၀၃၉၀၇၃၂ ဦး ရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအများဆုံးဖြစ်ပွားသည့် ဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၉၀၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါကူးစက်ခံရသူပေါင်း ၂၄၂၉၅၇၂ ဦးရှိလာကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၁ သန်းကျော်ရှိလာ

နယူးဒေလီ ဖေဖော်ဝါရီ ၃

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၂၄၃၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၁၈၀၃၃၁၈ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀၀၈ ဦးထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၉၈၉၈၃ ဦးရှိလာကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၁၅၃၃၉၂၁ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၅၉၁၀၇ ဦးရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၉၇၇၀၄၁၄ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

# တောင်ကိုရီးယားနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၂၀၀၀ ကျော် စံချိန်တင်တွေ့ရှိ

ဆိုးလ် ဖေဖော်ရီ ၃

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၀၀၀ ကျော်အား ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၀၇၂၁၄ ဦးရှိလာကြောင်း တောင်ကိုရီးယားရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအေဂျင်စီက ပြောကြားသည်။

နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်သူအရေအတွက် ယခုကဲ့သို့ စံချိန်တင်မြင့်တက်ခဲ့ခြင်းမှာ အိုမီခရွန်ဗီဇပြောင်းပိုးရပ်စ်ကူးစက်ပျံ့နှံ့မှု များပြားလာခြင်းကြောင့်ဖြစ်ကြောင်း ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။ မကြာသေးမီအချိန်က ဆိုးလ်မြို့ပြဒေသ၌ လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများကို တွေ့ရှိခဲ့ရပြီး ၎င်းတို့အနက် ဆိုးလ်ဒေသတွင် ၅၁၉၁ ဦး၊ ဂျောင်ဂီပြည်နယ်၌ ၆၅၃၂ ဦးနှင့် နိုင်ငံအနောက်ပိုင်းရှိ အင်ချွန်ဆိပ်ကမ်းမြို့တို့၌ ၁၅၃၃ ဦး အသီးသီးကူးစက်ခံခဲ့ရသည်။

နိုင်ငံ၏ ကျေးလက်ဒေသ၌လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၅၁၇ ဦးကို တွေ့ရှိခဲ့သည်။ ထို့ပြင် နိုင်ငံအတွင်း ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၂၅၈၀၈ ဦးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း တွေ့ရှိရသည်။ လက်ရှိအချိန်၌ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၈၁၂ ဦးရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးသူ ၄၃၉၉၇၁၂၉ ဦး (လူဦးရေ၏ ၈၅ ဒသမ ၇)ရာခိုင်နှုန်းရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံပြီးစီးသူ ၂၇၂၆၇၆၈၄ ဦး (လူဦးရေ၏ ၅၃ ဒသမ ၁) ရာခိုင်နှုန်းရှိသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# ပြင်သစ်နိုင်ငံ၌ ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများ ဖြေလျှော့

ပါရီ ဖေဖော်ဝါရီ ၃

ပြင်သစ်နိုင်ငံ၌ လုပ်သားများ မိမိနေအိမ်မှ အလုပ်လုပ်ကိုင်ခွင့်နှင့် နေအိမ်အပြင်ထွက်ပါက နှာခေါင်းစည်းဝတ်ဆင်ရန် ညွှန်ကြားချက်များကို ရုပ်သိမ်းကြောင်း ပြင်သစ်အစိုးရက ယနေ့ ပြောကြားသည်။

နိုင်ငံအတွင်း ဇန်နဝါရီလမှစတင်၍ နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၀၀၀၀ ကျော်ကိုတွေ့ရှိခဲ့ရသော်လည်း လက်ရှိအချိန်၌ ဆေးရုံများတွင် ကိုဗစ်-၁၉ ရောဂါကြောင့် တက်ရောက်ကုသသူနည်းပါးလာပြီး လာမည့် သီတင်းပတ်များအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက် ထပ်မံကျဆင်းနိုင်ကြောင်း ကျွမ်းကျင်သူများ၏ သုံးသပ်ချက်အရ ယခုကဲ့သို့ ကျန်းမာရေးစည်းမျဉ်း ဖြေလျှော့ခြင်းဖြစ်ကြောင်း ပြင်သစ်အစိုးရက ပြောကြားသည်။

သို့ရာတွင် မိမိနှင့်မိသားစု၌ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသဖြင့် နေအိမ်ပြင်ပသို့ထွက်ခွာပါက နှာခေါင်းစည်းဝတ်ဆင်သွားမည်ဖြစ်ကြောင်း အသက် ၇၉ နှစ်အရွယ်ရှိ ပါရီဒေသခံတစ်ဦးက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
|---|---|---|---|
| | ၃၈၅၉၆၃၇၉၁ ဦး | ၅၇၂၁၆၇ ဦး | ၃၀၅၈၃၅၅၈၂ ဦး |

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၆၈ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၄၅ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၅,၄၅၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၆၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၄၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၄၄၅,၈၉၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၆,၉၀၄) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၀၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၃,၆၆၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၀) ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှတက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ **www.moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၃-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၂၈၃) ခု | (၁၇၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၁) ခု | (၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃၅) ခု | (၄) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၈) ခု | (၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၇၃) ခု | (၃၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၉၃၆) ခု | (၂၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၀,၅၂၆) ခု | (၁၂၄) ဦး |
| **စုစုပေါင်း** | **(၂၅,၄၅၂) ခု** | **(၃၆၈) ဦး** |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၆၈၂၂၉၀ | ၄၇၁၁၂၆၂၀ | ၉၁၇၆၀၀ |
| ၂။ | အိန္ဒိယ | ၄၁၈၀၃၃၁၈ | ၃၉၇၇၀၄၁၄ | ၄၉၈၉၈၇ |
| ၃။ | ဘရာဇီး | ၂၅၈၁၃၆၈၅ | ၂၂၄၆၄၀၂၉ | ၆၂၉၀၇၈ |
| ၄။ | ပြင်သစ် | ၁၉၈၇၂၉၈၉ | ၁၃၁၀၈၇၁၆ | ၁၃၁၅၈၈ |
| ၅။ | ဗြိတိန် | ၁၇၅၁၅၁၉၉ | ၁၄၆၈၀၈၆၇ | ၁၅၇၄၀၉ |
| ၆။ | ရုရှား | ၁၂၂၈၄၅၆၄ | ၁၀၃၉၀၇၃၂ | ၃၃၃၃၅၇ |
| ၇။ | တူရကီ | ၁၁၈၃၃၁၆၅ | ၁၁၀၈၅၃၉၂ | ၈၇၈၃၁ |
| ၈။ | အီတလီ | ၁၁၂၃၅၇၄၅ | ၈၆၈၀၇၉၉ | ၁၄၇၃၂၀ |
| ၉။ | ဂျာမနီ | ၁၀၃၀၃၁၀၀ | ၇၈၆၉၂၀၀ | ၁၁၈၈၈၃ |
| ၁၀။ | စပိန် | ၁၀၁၂၅၃၄၈ | ၆၃၈၇၄၉၆ | ၉၃၈၅၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၄၁၄၄၈၃ | ၄၁၅၄၇၉၇ | ၁၄၄၄၁၁ |
| ၂။ | ဖိလစ်ပိုင် | ၃၅၈၅၄၆၁ | ၃၃၇၇၉၅၈ | ၅၄၁၆၈ |
| ၃။ | မလေးရှား | ၂၈၈၂၀၆၀ | ၂၇၉၀၃၈၃ | ၃၁၉၉၂ |
| ၄။ | ထိုင်း | ၂၄၆၅၇၂၃ | ၂၃၅၉၀၈၂ | ၂၂၂၃၁ |
| ၅။ | ဗီယက်နမ် | ၂၃၀၄၀၉၅ | ၂၀၉၃၉၄၇ | ၃၈၀၆၃ |
| ၆။ | မြန်မာ | ၅၃၆၉၀၄ | ၅၁၃၆၆၂ | ၁၉၃၁၀ |
| ၇။ | စင်ကာပူ | ၃၆၂၁၇၆ | ၃၄၂၆၁၇ | ၈၅၉ |
| ၈။ | လာအို | ၁၃၅၃၀၁ | ၁၂၉၅၀၈ | ၅၅၈ |
| ၉။ | ကမ္ဘောဒီးယား | ၁၂၁၄၈၄ | ၁၁၇၈၂၀ | ၃၀၁၅ |
| ၁၀။ | ဘရူနိုင်း | ၁၆၆၉၁ | ၁၅၉၉၃ | ၉၈ |

## ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှတင်သွင်းပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းတို့မှ ကုမ္ပဏီသုံးခု ယာဉ်စီးရေခြောက်စီးဖြင့် နှာခေါင်းစည်း ၄၂ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

အကောက်ခွန်ဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများမှ Insulin Syringe ၄၅၃၀၊ Disposable Bed Sheet ၅၀၀၀၊ Plastic Shield ၅၅၀၊ Laparotomy Sponge ၁၅၀၀၊ Under Pad (Bed Sheet) ၈၀၀၊ ဆေးဝါးမျိုးစုံ ၅၈ မျိုး (စုစုပေါင်း ၁၃၁၈၆၉ ဒသမ ၄၄ ကီလိုဂရမ်)၊ နယ်စပ်(လွယ်ဂျယ်)တွင် ကုမ္ပဏီငါးခုမှ Medical Mask ၁၇၃၅၅ ကီလိုဂရမ်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

"ဟုတ်တယ် ဖေဖေ။ ကျွန်တော် တခြားဘာမှ မလုပ်ချင်ဘူး။ ဒါတစ်ခုပဲ လုပ်ချင်တယ်။ ကျွန်တော် တစ်ခုမေးဦးမယ်။ အခု မေမေ့ကို ဘယ်မှာမြှုပ်ထားသလဲ ဖေဖေ သိသလားဟင်။ မေမေဟာ အသက်ရှင်နေတုန်းကလည်း ရေရာတဲ့ မိန်းမတစ်ယောက် မဟုတ်ခဲ့ဘူး။ သေရပြန်တော့လည်း ချို့ချို့ငဲ့ငဲ့နဲ့။ မေမေ့အတွက် အထိမ်းအမှတ်ကလေးတစ်ခု လောက်တော့ မရှိသင့်ဘူးလားဖေဖေ"

ဦးကောင်းမိုးသည် သားဖြစ်သူ၏စကားကို သဘောကျဟန်မရှိ။ မျက်နှာမှာ ပိုမိုအိုစာသွားသလို မှတ်ထင်ရသည်။

ခင်သန်းနွဲ့မှာမူ အပြုံးမပျက်။ သားနှင့်ဖခင်တို့ အဖြစ်အပျက်ကို ပွဲကြည့်ပရိသတ်ပမာ စူးစိုက်ကြည့်လျက်ရှိသည်။ တစ်စုံတစ်ရာ ခံစားရဟန်မတူ။ ခံပြင်းမိပုံလည်း မပေါ်။ သူနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိသည့်စကားများကို နားထောင်နေရပုံမျိုးဖြစ်သည်။

မောင်မောင်ဦးသည် အစားအသောက်များကို လက်စသတ်လိုက်သည်။ ထိုင်ရာမှ ထသည်။ သို့တိုင်အောင် ဖခင်ထံမှ အဖြေကို မရသေး။ သူကိုယ်တိုင်ကလည်း ထပ်မံတောင်းခံခြင်း မပြုတော့ပေ။

"ကျွန်တော်အိပ်တော့မယ် ဖေဖေ"

ဦးကောင်းမိုး မလှုပ်။ နှုတ်မဆက်။

မောင်မောင်ဦး ထမင်းစားခန်းထဲမှ ထွက်လာခဲ့သည်။ အပေါ်ထပ်သို့ တက်ခဲ့သည်။

သူသည် စောစောက လဲလျောင်းခဲ့သော ခုတင်တွင်ပင် လဲလျောင်းသည်။ ရုတ်တရက် အိပ်မပျော်နိုင်သေး။ အတွေးများက သူ့အား အိပ်မပျော်နိုင်လောက်အောင် လွှမ်းမိုးထားသည်။

အတန်ကြာမျှ ကွဲကွာခဲ့ရသော ခင်ခင်ကြီး၏ မျက်နှာကို မြင်ယောင်လာသည်။ ခင်ခင်ကြီး၏ ရန်စွယ်ငေါငေါနှင့် ပြောခဲ့သော စကားများကို ကြားယောင်သည်။

ပြီးလျှင်မူ ခင်သန်းနွဲ့သည် သူ့အတွေးသို့ ရောက်ရှိလာပြန်လေသည်။ ခင်သန်းနွဲ့နှင့်စပ်လျဉ်း၍ စဉ်းစားရလေပြီဆိုသောအခါ သူ့ရင်မှာ အမှန်ပင် တုန်လှုပ်ရသည်။ ခင်သန်းနွဲ့သည် မကောင်းဆိုးရွားအသွင်ဖြင့် မိမိတို့ထံ ရောက်လာသည်ဟု ထင်သည်။

အင်း- တို့သားအဖ တခြားကိစ္စကြောင့် မကွဲဘူး။ ဒင်းကြောင့်ပဲ ကွဲမှာ။ ဒင်းကြောင့် တစ်ကြိမ်က ဒုက္ခရောက်ခဲ့ရသလို အခုလည်း ဒင်းကြောင့် ဒုက္ခရောက်ရမှာ အသေအချာပဲ။

မောင်မောင်ဦးသည် တစ်ကိုယ်တည်း ရေရွတ်ပြောဆိုနေမိချေသည်။

x x x x x

**"ဦးကောင်းမိုးသည် သားဖြစ်သူ၏စကားကို သဘောကျဟန်မရှိ။ မျက်နှာမှာ ပိုမိုအိုစာသွားသလို မှတ်ထင်ရသည်။ ခင်သန်းနွဲ့မှာမူ အပြုံးမပျက်။ သားနှင့်ဖခင်တို့ အဖြစ်အပျက်ကို ပွဲကြည့်ပရိသတ်ပမာ စူးစိုက်ကြည့်လျက်ရှိသည်။ တစ်စုံတစ်ရာ ခံစားရဟန်မတူ။ ခံပြင်းမိပုံလည်း မပေါ်။ သူမနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိသည့်စကားများကို နားထောင်နေရပုံမျိုး . . ."**

[၉]

၁၉၄၃ ခု၊ ဩဂုတ်လ ၁ ရက်နေ့။

ဂျပန်က မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသည်။ ဒေါက်တာဘမော်သည် အဓိပတိဖြစ်လာသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် စစ်သေနာပတိဖြစ်လာသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီဟုဆိုသည်။ သို့ရာတွင် တကယ်လွတ်လပ်ပါသလော။ မဟုတ်ပါချေ။ စင်စစ် ဂျပန်ကပေးသော လွတ်လပ်ရေးမှာ အတုအယောင်မျှသာ ဖြစ်သည်။ ရွှေရည်စိမ် လွတ်လပ်ရေး။

မြန်မာတို့သည် လွတ်လပ်ရေးကို မွတ်သိပ်စွာ တောင့်တခဲ့သည်။ စိတ်စောစွာ မျှော်လင့်ခဲ့သည်။ လွတ်လပ်ရေးအတွက် အသက်၊ သွေး၊ ချွေးများစွာ ပေးခဲ့ရသည်။ လွတ်လပ်ရေးရပြီဆိုတော့လည်း ပျော်သူက ပျော်ကြသည်။ ဝမ်းသာအားရ ရှိသူက ရှိကြသည်။ အများအားဖြင့် ဤသည်မှာ တဒင်္ဂခံစားရချက်မျှသာ ဖြစ်သည်။ လက်တွေ့ဘဝတွင်မူ လွတ်လပ်ရေးနှင့်ပတ်သက်၍ တစ်စုံတစ်ရာမျှ ခံစားရခြင်း မရှိချေ။ ပိုမိုဖိနှိပ်ချုပ်ချယ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းများနှင့်သာ ထိတွေ့နေရသည်။

ဦးအောင်ခန့်သည် အင်္ဂလိပ်နှင့် အမေရိကန်ကို စစ်ကြေညာလိုက်သော အဓိပတိအရှင်မင်းကြီး ဒေါက်တာဘမော်၏ကြေညာချက်ကို ဖတ်ရှုနေသည်။ သူ၏မျက်နှာတွင် ကျေနပ်အားရခြင်း အရိပ်အယောင် ထင်ဟပ်နေခြင်းကား မရှိချေ။ ကဲ့ရဲ့ရှုတ်ချခြင်းအရိပ်အသွင်သာ လွှမ်းလျက်ရှိသည်။

ဂျပန်၏ပရိယာယ်ကို ဦးအောင်ခန့် နားလည်နေသည်။ လွတ်လပ်ရေးပေးသည်ဆိုသော်လည်း စစ်ကာလမှာဖြစ်၍ အုပ်ချုပ်ရေးသည် ဂျပန်လက်အောက်မှာပင် ရှိနေရမည် ဆိုသည်။ သည်ကတည်းက ဦးအောင်ခန့်သည် ဂျပန်ကပေးသော လွတ်လပ်ရေးနှင့် စပ်လျဉ်း၍ စိတ်တွင် စနိုးစနောင့် ခံစားခဲ့ရလေသည်။

ဦးအောင်ခန့်သည် ရေနံမြေရှိအခြားသူများနည်းတူပင် ဂျပန်က ရေနံမြေကို ပြန်လည်ထူထောင်လိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ သို့ရာတွင် ဂျပန်သည် ရေနံမြေကို ထူထောင်မည့် အရိပ်နိမိတ်မပြခဲ့ပေ။ ရေနံမြေသည် အင်္ဂလိပ်တို့လက်ချက်ဖြင့် နာလန်မထူနိုင်အောင် ယိုယွင်းနေသည့်အဖြစ်ကို သိသည်။ ထိုမြေမှ ရတတ်သမျှကို ထုတ်ယူဖို့လောက်သာ ကြည့်သည်။ ထိုမြေနှင့်ပတ်သက်၍ အရှည်ကို မျှော်တွေးလိုဟန်မတူ။

တလောကပင် သတင်းစကားများ ကြားရသေးသည်။ ဂျပန်သည် ရေနံထုတ်လုပ်ခြင်းနှင့် ပတ်သက်သော ကိရိယာ များကို ရေနံမြေမှ သယ်ယူသွားသည်။ ပြည်ပသို့ ထုတ်သွားသည်ဟု ဆိုသည်။ သည်တော့လည်း အများနည်းတူပင် ဦးအောင်ခန့်မှာ ဂျပန်တို့ အပြုအမူကို စိတ်ပျက်လက်ပျက် ဖြစ်ရသည်။

နဂိုကတည်းက ဂျပန်ကို ရွံမုန်းခဲ့သည့်၊ ဖက်ဆစ်စနစ်၏ ရိုင်းပျရက်စက်ခြင်းကို နာကြည်းခဲ့သည့် ဦးအောင်ခန့်သည် ဂျပန်ဆန့်ကျင်ရေးစကားများကို မကြာခဏ ပြောဖြစ်သည်။ လူစုမိပြီဆိုလျှင် ဂျပန်မကောင်းကြောင်း စကားဆိုမိသည်။

ကြာတော့ ဒေါ်မြလေးကိုယ်တိုင်ကပင် ဦးအောင်ခန့်အား သတိပေးစကားဆိုရသည်။

"စကားပြောတာ နည်းနည်းဆင်ခြင်ပါ ကိုအောင်ခန့်ရယ်။ လူဆိုတာ သိနိုင်တာ မဟုတ်ဘူး။ ရှင်နဲ့ စကားလာပြောတဲ့အထဲမှာ ဂျပန်အလိုတော်ရိတွေ မပါဘူးလို့ ဘယ်သူ့ပြောနိုင်မှာလဲ။ ရှင့်စကားတွေကို ဂျပန်တွေဆီမှာ မျက်နှာလိုမျက်နှာရ သွားပြောမယ့်သူ မပါဘူးလို့ ဘယ်သူက အာမခံနိုင်မှာလဲ"

ခင်ခင်ကြီးကိုယ်တိုင်သည်လည်း ဖေဖေနှင့် စပ်လျဉ်း၍ အစဉ်လို ပူပန်ရတတ်မြဲပင်။

အိမ်တွင်နေသည်ဆိုသော်လည်း သတင်းစကားများကို ကြားနေရသည်။ ကင်ပေတိုင်များ၏ ရက်စက်မှုသတင်း။ စိတ်မထင်လျှင် သူလျှိုဆိုကာ ဖမ်းဆီးနှိပ်စက်တတ်ကြောင်း၊ ကင်ပေတိုင်ရုံးမှပြန်ထွက်လာလျှင် လူစဉ်မီရန်ပင် ခဲယဉ်းတတ်သည့်အကြောင်း စသည်ဖြင့် ခြေတစ်လှမ်းမှားလျှင် အသက်တစ်ချောင်းဆုံးရှုံးရမည့်အဖြစ်များကို ပြောလာကြသည်။

ရေနံ့သာကို ထိုက်သင့်သလောက် ပြင်ဆင်ထားသည်။ ရေနံ့သာသည် ယခင်အခြေအနေမျိုးသို့ ပြန်လည်ရောက်ရှိလာနိုင်မည်မဟုတ်ချေ။ ခေတ်သည် အစစအရာရာ ရှားပါးသောခေတ် ဖြစ်နေသည်။ ငွေကားပေါ၏၊ ငွေ၏တန်ဖိုးကား မရှိချေ။ ဘာမျှမဟုတ်သောပစ္စည်းတစ်ခုအတွက် ငွေကို ရာနှင့်ထောင်နှင့်ချီ၍ ပေးရတတ်သည်။ အစုံလိုက် အပုံလိုက် သုံးစွဲရတတ်သည်။

သည်နေရာတွင် ဦးအောင်ခန့်သည် အတွက်အဆမှန်သည်။ ဂျပန်ငွေစက္ကူ၏ ခိုင်မာခြင်းမရှိပုံကို တွက်ဆမိပုံရသည်။ အင်္ဂလိပ်ငွေကို တတ်နိုင်သမျှဝယ်ယူစုဆောင်းသည်။ ရှာဖွေသိမ်းဆည်းသည်။ ရွှေကဲ့သို့သော အဖိုးတန်ရတနာကို သိုမှီးထားသည်။ ပစ္စည်းများကိုလည်း လုံခြုံစွာ ဝှက်ထားသည်။ နေရာတစ်နေရာတည်းမှာ အစုလိုက်အပုံလိုက်မထား။ အနှံ့အပြားမှာ ခွဲထားသည်။

"ဒီအတိုင်း နေသွားလို့တော့ မဖြစ်သေးဘူး။ တစ်ခုခုတော့လုပ်ဦးမှ"

တစ်နေ့တွင် ဦးအောင်ခန့် ပြောသည်။

"ဘာလုပ်မှာလဲ"

ဒေါ်မြလေး မေးသည်။

"ဘာလုပ်ရမှာလဲ။ တို့များလုပ်တတ်နိုင်တာ ဘာရှိသလဲ။ ရေနံပဲ ပြန်လုပ်ရမှာပေါ့။ တွင်းတွေကို ပြန်ပြီးဖော်ရမှာပေါ့"

သို့ဖြင့် ဦးအောင်ခန့်သည် သူပိုင်တွင်းများမှ ရေနံထုတ်ယူရန် လုပ်ငန်းကို စတင်စီစဉ်သည်။

တတ်ကျွမ်းနားလည်သော အလုပ်သမားများကို လိုက်လံရှာဖွေရသည်။ စစ်ကြောင့် သေသူတို့လည်း သေခဲ့ချေပြီ။ အရပ်တစ်ပါးသို့ ရောက်သူများလည်း ရောက်ကုန်ကြပြီ။ လူဟောင်းကို ပြန်ရရန်မလွယ်။ လူသစ်ရှာရသည်။ အချိန်ကြန့်ကြာရသည်။

ထိုသို့ဖြင့် လုပ်ငန်းမစဖြစ်သေး။

ရေနံတွင်းများ ပြန်လည်တူးဖော်ရန် စိတ်ကူးရရှိခဲ့ခြင်းမှာ ခင်ခင်ကြီးတို့ ရေနံချောင်းတွင် ပိုမိုအနေကြာဖို့ ဖြစ်လာသည်။

ယင်းသို့ရှိနေစဉ်မှာပင် ဗြိတိသျှတို့သည် မြန်မာနိုင်ငံ အထက်ပိုင်းမှနေကာ ဂျပန်ကို ပြန်လည်ထိုးစစ်ဆင်စ ပြုလာလေသည်။ ရေနံမြေမှာလည်း ဗုံးတဝုန်းဝုန်းချခြင်းကို ခံနေရသည်။

ဂျပန်ကို ကြောက်၍လည်းကောင်း၊ ဝမ်းရေးကျပ်တည်း၍လည်းကောင်း ရေနံမြေတွင် အလုပ်လုပ်နေကြရသော အလုပ်သမားများမှာ အလုပ်ခွင်တွင်ပင် အတုံးအရုံး သေဆုံးနေကြရသည်။ သည်တော့လည်း ဦးအောင်ခန့်သည် အလုပ်လုပ်ရန်ကိစ္စကို ပစ်ပယ်ထားလိုက်သည်။ ဒုတိယအကြိမ်မြောက် ရေနံချောင်းမှပြေးရန် အစီအစဉ်ပြုရလေတော့သည်။

ရေနံချောင်းမှ ထွက်ခွာရန်အတွက် ဦးအောင်ခန့် အစဉ်လိုပင် နှောင့်နှေးသည်။ သူသည် မိမိ၏ဇာတိမြို့ရွာကို ခင်တွယ်လွန်းသူဖြစ်ပေသည်။ အကယ်၍ အခြေအနေသာ ပေးနေပါက ဖြစ်သည့်နည်းနှင့် မိမိမြို့ရွာကိုပင် ကုပ်တွယ်နေလိုသူဖြစ်သည်။

ယင်းသို့သော စိတ်ထားမျိုးရှိနေခြင်းကပင် သူ၏ကံကြမ္မာကို ပြောင်းလွဲလိုက်စေသည်ဟု ဆိုရလိမ့်မည်ထင်သည်။

မိုးကုန်ကျူးစ ဆောင်းဦးည တစ်ညဖြစ်သည်။

ထိုညတွင် ခင်ခင်ကြီးတို့ စောစောစီးစီး အိပ်ရာသို့ဝင်ကြသည်။ အိပ်မပျော်နိုင်သေးခင်မှာပင် အိမ်ဆင်ဝင်အောက်မှ အသံဗလံများကို ကြားရသည်။

ဦးအောင်ခန့် အိမ်ရာမှ အလျင်ထ,သည်။ ယခုအခါ လက်နက်ပုန်းဆိုသည်မှာ မယူချင်အဆုံးဖြစ်သည်။ သေနတ်တစ်လက်ကို ဘာမျှမပေးရသော ငွေကြေးဖြင့် ဝယ်၍ရသည်။ ဦးအောင်ခန့်သည် စစ်သုံး ဒသမ ၄၅၊ ခြောက်လုံးပြူးနှစ်လက်ကို ဝယ်ယူခဲ့သည်။ တစ်လက်မှာ သူကိုယ်တိုင်သုံးဖို့၊ အခြားတစ်လက်ကား ကိုထွန်းခင်ဖို့။

အိပ်ရာမှ ထ,လာပြီဆိုကတည်းက ဦးအောင်ခန့် သေနတ်ကို အသင့်မောင်းတင်ထားသည်။ ကိုထွန်းခင်သည်လည်း သူ့နှယ်ပင် သေနတ်ဆွဲကာ အိပ်ရာမှ ထ, လာသည်။ ခင်ခင်ကြီးတို့ကား စိတ်နှလုံး တုန်လှုပ်ချောက်ချားစွာဖြင့် အိမ်ပေါ်ထပ်တွင် စုဝေးနေကြသည်။ **ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**



## ဆီနီဂေါအသင်း အာဖရိကနိုင်ငံများဖလား ဗိုလ်လုပွဲ တတိယအကြိမ်တက်လှမ်း

ဆီနီဂေါအသင်းဟာ ဖေဖော်ဝါရီ ၂ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်မှာ ဘာကီနာဖာဆိုအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲကို တတိယအကြိမ်မြောက် တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။


ဘာကီနာဖာဆိုအသင်းနဲ့ ဆီနီဂေါအသင်းတို့ပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် ဒုတိယပိုင်းမှာ ဆီနီဂေါအသင်းဟာ ပွဲကစားချိန် မိနစ် ၇၀ မှာ ဒီယယ်လိုရဲ့ သွင်းဂိုး၊ ၇၆ မိနစ်မှာ ဒီယန်းရဲ့ သွင်းဂိုးနဲ့ ၈၇ မိနစ်မှာ ဆာဒီယိုမာနေးတို့ရဲ့ သွင်းဂိုးတွေရရှိခဲ့တာကြောင့် ဘာကီနာဖာဆိုအသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပြီး ဘာကီနာဖာဆိုအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၈၂ မိနစ်မှာ တိုရေးက သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ဆီနီဂေါအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးခဲ့တဲ့ တိုက်စစ်မှူး ဆာဒီယိုမာနေးဟာ လက်ရှိမှာ နိုင်ငံအသင်းအတွက် သွင်းဂိုး ၂၉ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီဖြစ်ပြီး ဆီနီဂေါအသင်းရဲ့ ထိပ်တန်းဂိုးသွင်းရှင်စာရင်းမှာ ပါဝင်လာခဲ့တာဖြစ်ပါတယ်။ ဆီနီဂေါအသင်းဟာ ၂၀၀၂ ခုနှစ်နဲ့ ၂၀၁၉ ခုနှစ်တို့မှာ အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပြီး အဲဒီနှစ်ကြိမ်စလုံး အနိုင်ရလဒ်နဲ့ ဝေးကွာခဲ့ရတာဖြစ်ပါတယ်။

ဆီနီဂေါအသင်းဟာ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲမှာ အီဂျစ်အသင်းနဲ့ အိမ်ရှင် ကင်မရွန်းအသင်းတို့ရဲ့ ဆီမီးဖိုင်နယ်ပွဲစဉ်ကနေ အနိုင်ရရှိမယ့်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၆ ရက်မှာ ကျင်းပသွားဖို့ရှိနေတာဖြစ်ပါတယ်။

ဘာကီနာဖာဆိုအသင်းကတော့ အီဂျစ်နဲ့ ကင်မရွန်းပွဲစဉ်ကနေ ရှုံးနိမ့်ခဲ့တဲ့အသင်းနဲ့ အာဖရိကနိုင်ငံများဖလား တတိယနေရာလုပွဲယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး တတိယလုပွဲကို ဖေဖော်ဝါရီ ၅ ရက်မှာ ကျင်းပသွားဖို့ရှိနေတာ ဖြစ်ပါတယ်။

## တေလာနဲ့ ဆာရာနိုတို့ရဲ့ လက်ဝှေ့ပွဲ နယူးယောက်မြို့၌ ဧပြီ ၃၀ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်မည်



အိုင်ယာလန်လက်ဝှေ့မယ် တေလာနဲ့ ကာရစ်ဘီယံကျွန်းစုနိုင်ငံတစ်ခုဖြစ်တဲ့ ပူတိုရီကိုလက်ဝှေ့မယ် ဆာရာနိုတို့ရဲ့ လက်ဝှေ့ပွဲကို ဧပြီ ၃၀ ရက်တွင် နယူးယောက်မြို့ရှိ မက်ဒီဆင်စကွဲဂါးဒင်း၌ ယှဉ်ပြိုင်ထိုးသတ်မှာဖြစ်တယ်လို့ သိရပါတယ်။ တေလာနဲ့ ဆာရာနိုတို့ဟာ လက်ရှိအချိန်မှာ ကမ္ဘာ့အကောင်းဆုံး အမျိုးသမီးလက်ဝှေ့မယ်နှစ်ဦးလည်း ဖြစ်ပါတယ်။

အမျိုးသမီးတွေဟာ ၁၉၀၀ ပြည့်နှစ် အစောပိုင်းကာလကတည်းက လက်ဝှေ့ကြိုးဝိုင်းအတွင်းကို ဝင်ရောက်လာခဲ့တာဖြစ်ပေမယ့် ၁၉၉၉ ခုနှစ်ရောက်မှသာ ပရော်ဖက်ရှင်နယ်လက်ဝှေ့မယ်တွေ ပေါ်ထွက်လာခဲ့တာဖြစ်ပြီး တေလာကတော့ လက်ရှိအချိန်အထိ ရှုံးပွဲမရှိစံချိန်ကို ထိန်းထားနိုင်ခဲ့တဲ့ လက်ဝှေ့မယ်တစ်ဦးလည်း ဖြစ်ပါတယ်။

တေလာနဲ့ဆာရာနိုတို့ရဲ့ လက်ဝှေ့ပွဲကို ယခင်က ၂၀၂၀ ပြည့်နှစ် မေလအတွင်းက ယှဉ်ပြိုင်ထိုးသတ်ဖို့ စီစဉ်ခဲ့ပေမယ့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယခုနှစ် ဧပြီလမှာ ယှဉ်ပြိုင်ဖို့ ပြောင်းလဲစီစဉ်ခဲ့တာဖြစ်တယ် လို့သိရပါတယ်။

## သီရိလင်္ကာခရစ်ကက်ကစားသမား ဆူရန်ဂါလက်ခ်မယ် နိုင်ငံတကာခရစ်ကက်ကစားသမားဘဝမှ အနားယူတော့မည်

သီရိလင်္ကာခရစ်ကက်ကစားသမား ဆူရန်ဂါလက်ခ်မယ်ဟာ ဖေဖော်ဝါရီလနဲ့ မတ်လတို့မှာ အိန္ဒိယနိုင်ငံ၌ ကျင်းပမယ့် ခရစ်ကက်ပြိုင်ပွဲတွေပြီးဆုံးပါက နိုင်ငံတကာခရစ်ကက်ကစားသမားဘဝကနေ အနားယူတော့မှာဖြစ်တယ်လို့ သိရပါတယ်။

ဆူရန်ဂါလက်ခ်မယ်ဟာ နိုင်ငံတကာခရစ်ကက်ကစားသမားဘဝကို ၂၀၀၉ ခုနှစ်အတွင်းက စတင်ခဲ့တာဖြစ်ပြီး နိုင်ငံတကာပွဲစဉ်ပေါင်း ၈၆ ပွဲအထိပါဝင်ကစားခဲ့တာဖြစ်ပါတယ်။ အသက် ၃၄ နှစ်အရွယ်ရှိ သီရိလင်္ကာ ခရစ်ကက်ကစားသမား ဆူရန်ဂါလက်ခ်မယ်ဟာ ၂၀၁၈ ခုနှစ်အတွင်းက သီရိလင်္ကာခရစ်ကက်အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။



## ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲနဲ့ ဆက်နွှယ်သူတွေထဲက ၃၂ ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရ

ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲနဲ့ ဆက်နွှယ်သူတွေထဲက ဖေဖော်ဝါရီလ ၁ ရက်နေ့တစ်ရက်တည်းမှာ ၃၂ ဦးအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရတယ်လို့ ပေကျင်း ၂၀၂၂ ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲရဲ့ ပြိုင်ပွဲစီစဉ်သွန်ကြားရေးကော်မတီက ဖေဖော်ဝါရီ ၂ ရက်မှာ ပြောကြားခဲ့ပါတယ်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၂ ဦးအနက် ၁၅ ဦးဟာ လေဆိပ်ကိုအသစ်ရောက်ရှိလာသူတွေဖြစ်တယ်လို့လည်း အိုလံပစ်ပြိုင်ပွဲရဲ့ တရားဝင်ဝက်ဘ်ဆိုက်မှာ ရေးသားဖော်ပြထားပါတယ်။ အိုလံပစ်အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မယ့် အားကစားသမားတွေနဲ့ အသင်းတာဝန်ရှိသူတွေထဲက ကိုးဦးအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရတယ်လို့လည်း အိုလံပစ်ပြိုင်ပွဲရဲ့ တရားဝင်ဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။



ငွေကြယ် - ရေးသားသည်

### ဘောလုံးလောကသတင်းတိုများ

- မန်စီးတီးအသင်းဟာ ပေါ်တူဂီကွင်းလယ်ကစားသမား ဘာနာဒိုဆေးလ်ဗားကို ကာလရှည်စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုဖို့ ဆွေးနွေးလျက်ရှိတယ်လို့ သိရပါတယ်။
- တိုက်စစ်မှူး လာကာဇက်ရဲ့ အာဆင်နယ်အသင်းနဲ့ ချုပ်ဆိုထားတဲ့စာချုပ်ဟာ နွေရာသီကာလအတွင်းကုန်ဆုံးတော့မှာဖြစ်ပေမယ့် အာဆင်နယ်အသင်းက စာချုပ်သစ်အတွက် ကမ်းလှမ်းမှုတစ်စုံတစ်ရာပြုလုပ်ထားခြင်းမရှိဘူးလို့ သိရပါတယ်။
- မန်ယူအသင်းဟာ ပီအက်စ်ဂျီအသင်းနည်းပြ ပိုချက်တီနိုအား နွေရာသီကာလတွင် အသင်းရဲ့အမြဲတမ်းနည်းပြအဖြစ်ခန့်အပ်နိုင်ရေး စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။
- စပါးအသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ဟာ ရိုးမားအသင်းမှ အီတလီတောင်ပံကစားသမား နီကိုလိုဇန်နီယိုလိုအား ခေါ်ယူရန် စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။
- ဂျူဗင်တပ်အသင်းတိုက်စစ်မှူး ဒိုင်ဘာလာဟာ စာချုပ်သစ်ချုပ်ဆိုရေးကိစ္စပျက်ခဲ့ပြီးနောက် လီဗာပူး၊ ချယ်လ်ဆီး၊ အာဆင်နယ်၊ မန်စီးတီး၊ စပါးနဲ့ မန်ယူအသင်းတို့က ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်းခြင်းများ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၃

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ မြို့ဦးပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ အောင်မြေရတနာ ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ နန်းဦးကျောင်းတိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ ကျောင်းသစ်ကျောင်းတိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ ဆုထူးပန်ကျောင်းတိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်ရှိ သိမ်ကုန်းကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဦးစီးဌာနများမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## ရေကြောင်းသတိပေးချက် ထုတ်ပြန်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M-3 တွင် (Aung Sinkha Development project) အောင်သခ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းစဉ် ဆောင်ရွက်နိုင်ရန်အတွက် Marine Baseline Survey of EIA studies လုပ်ငန်းများအား Survey Vessel “MV. HAI DUONG 68” ရေယာဉ်ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinates များဖြစ်သော Point WP1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၃၃.၉၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၄၀.၄၁ စက္ကန့်၊ Point WP2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၄၄.၄၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ် ၄၉.၅၀ စက္ကန့်နှင့် Point Reference Station မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၂၈.၈၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄ မိနစ် ၇.၉၄ စက္ကန့်အတွင်းနှင့် (Appraisal/Exploration Drilling Campaign) အကဲဖြတ် ရှာဖွေတူးဖော်ရေးလုပ်ငန်းစဉ်ဆောင်ရွက်နိုင်ရန်အတွက် Marine Baseline Survey of EIA studies လုပ်ငန်းများအား Survey Vessel “MV. HAI DUONG 68” ရေယာဉ်ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinates များဖြစ်သော Point Well no.1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၅၈.၆၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၀ မိနစ် ၀.၈၄ စက္ကန့်နှင့် Point Reference Station မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၇ မိနစ် ၄၇.၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၁ မိနစ် ၂၀.၈၃ စက္ကန့်တို့အတွင်းတွင် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ M-3 တွင် (Aung Sinkha Development project and Appraisal/Exploration Drilling Campaign) အောင်သခ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် အကဲဖြတ် ရှာဖွေတူးဖော်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် Marine Baseline Survey of EIA studies လုပ်ငန်းများအား Survey Vessel “MV. HAI DUONG 68”ရေယာဉ်ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်တည်နေရာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariners)ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

## ရေကြောင်းသတိပေးချက် ထုတ်ပြန်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation (Myanmar E&P)သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A-3 ရှိ SHWE Phase 2 Exploration Project Area တွင် Drilling Campaign လုပ်ငန်းများအား Semi-Submersible Drilling Rig “OCEAN MONARCH” ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point-A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၈ မိနစ် ၃၁.၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၂ မိနစ် ၄၁.၆၀ စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၂ မိနစ် ၀.၁၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၄၆.၈၆ စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၉ မိနစ် ၈.၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၆ မိနစ် ၂၁.၁၄ စက္ကန့်နှင့် Point-D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၃၆.၉၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၆ မိနစ် ၂၂.၁၅ စက္ကန့်အတွင်းတွင် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ A-3 ရှိ SHWE Phase 2 Exploration Project Area တွင် Drilling Campaign လုပ်ငန်းများအား Semi-Submersible Drilling Rig “OCEAN MONARCH” ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်တည်နေရာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန



## ရမည်းသင်းမြို့နယ် ရှေးဟောင်းသမိုင်းဝင် ရွှေနတ်တောင်ဘုရား လျှပ်စစ်မီးလင်းရေး ဆောင်ရွက်

ရမည်းသင်း ဖေဖော်ဝါရီ ၃

ရမည်းသင်းမြို့နယ် ဘွက်ကျေးရွာအုပ်စု ရှေးဟောင်းသမိုင်းဝင်ရွှေနတ်တောင်ဘုရား လျှပ်စစ်မီးလင်းရေးအတွက် ၄၀၀ ဗို့ဓာတ်အားလိုင်း (ပေ ၁၉၅၀) တောင်ပေါ်အရောက် အလှူရှင်များ စုပေါင်း၍ တည်ဆောက်တပ်ဆင်ပြီး မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း (ပေ ၂၅၀) အား ထပ်မံလှူဒါန်းမှုဖြင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အထွေထွေမန်နေဂျာ ဦးနေမျိုးသန်း၊ ခရိုင်လျှပ်စစ်မန်နေဂျာ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး၊ မြို့နယ်လျှပ်စစ် မန်နေဂျာတို့က ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီတွင် လျှပ်စစ်မီးအမြန်လင်းနိုင်ရေး ကွင်းဆင်းစစ်ဆေးပြီး လျှပ်စစ်မီးလင်းရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်ဦး (ရမည်းသင်း)

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ



➢ လက်တလော အသုံးမပြုသည့် လျှပ်စစ်ပစ္စည်းများ၏ Plug ခေါင်းများကို Socket များမှ ဖြုတ်ထားပါ။


### ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၃၇)၊ (ဃ/၁၃)ရပ်ကွက်၊ ကလေးဝလမ်း၊ အမှတ်(၄၃၅/က)၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ ဦးစောမောင်အမည်ပေါက် ပါမစ်မြေကွက်ကို အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ဦးဇော်ဇော်ဦး[၁၄/မအန(နိုင်)၁၅၀၅၁၃]က တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားရှိပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေ ဦးတင်စော[၁၄/ဘကလ(နိုင်)၀၀၈၅၅၀]ထံသို့ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထားစုံလင်စွာဖြင့် ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါနေ့ရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၃၃)
ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L ) အထက်တန်းရှေ့နေ(စဉ်-၄၈၄၃၀)
အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀၊ ၀၉-၇၇၇၂၉၁၇၇၅

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၄)၊ မြေကွက်အမှတ်(၁၈၉၄)၊ အကျယ်အဝန်း(၄၀x၆၀)ပေ၊ ဒေါ်ရီရီဝင်း [၁၂/တမန(နိုင်)၀၆၃၃၉၃] နှင့် ဒေါ်ညိုညိုစန်း [၁၂/တမန(နိုင်)၀၀၁၄၉၃] အမည်ပေါက် (ပါမစ်) မြေကွက်ကို ဝယ်ယူလက်ရှိထားပိုင်ဆိုင်၊ စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုပြောဆိုသူဖြစ်သော ဦးထွန်းထွန်းဝင်း [၈/ပခက(နိုင်)၁၉၄၂၇၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆူနီတန် [၁၂/ဥကတ(နိုင်)၁၅၅၆၃၈]က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၄-၂-၂၀၂၂)ရက် နောက်ဆုံးထား၍ ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသင်းမြတ်ဆန်း (စဉ်-၁၁၈၈၄)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၆၄/ခ)၊ မြင်သာ(၄)လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၂၇၁၁၇

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၀၊ အောင်သပြေလမ်း၊ မြေကွက်အမှတ်-(၄၇၂)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ပါမစ်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနမှထုတ်ပေးသည့် မြေချပါမစ်တွင် ဦးမြင့်ကြည် အမည်ဖြင့် ချထားပေးသော ပါမစ်မြေကွက်ဖြစ်ပြီး အရပ်ကတိ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ရောင်းသူ ဒေါ်ဝင်းသီတာ [၉/မရတ(နိုင်)၁၁၄၁၃၅]မှ ၎င်းလက်ဝယ်ရှိလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသော ပါမစ်မြေကွက်ဖြစ်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်တို့၏ မိတ်ဆွေများမှဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ပါမစ်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက ပါမစ်မြေကွက် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်သူများ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျင်ငွေ B.A (Eng).,R.L တရားလွှတ်တော်ရှေ့နေ(စဉ်-၂၄၂၅)
ဒေါ်ခင်ဝင်းဖြူ (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၈၄)
အမှတ်-၄၆ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၂၅၁၁၀၃၃၃၄

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသား ယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ပြည့်အင်အားကို တည်ဆောက်ကြမည်

၁။ ပြည်တွင်းအားနဲ့ ပြည်တွင်းစီးပွားရေးတိုးတက်မြင့်တင်ပါမယ်။ ကျွန်တော်တို့တိုင်းပြည်မှာ သဘာဝအရင်းအမြစ်များ၊ လူသားအရင်းအမြစ်များစွာရှိပါတယ်။ ပြည်တွင်းထုတ်လုပ်မှုကို အားမပေးဘဲ ပြည်ပသွင်းကုန်များသာ အားထားခဲ့လို့ ပြည်သူပြည်သားများရဲ့ လူမှုစီးပွားတိုးတက်မှု အားနည်းခဲ့ခြင်းသာဖြစ်ပါတယ်။

၂။ ပြည်တွင်းနိုင်ငံရေး ခိုင်မာအားရှိအောင် ဆောင်ရွက်ပါမယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး၊ ပါတီစုံဒီမိုကရေစီစနစ် တည်ဆောက်မယ်ဆိုရင် နိုင်ငံရေးအားမကောင်းစရာမရှိပါဘူး။

၃။ တိုင်းရင်းသားပြည်သူအားလုံးပါဝင်တဲ့ ကာကွယ်ရေးစွမ်းအား လုပ်ဆောင်ရန်ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး ဥမကွဲ သိုက်မပျက် အေးအတူ ပူအမျှ ညီညွတ်တဲ့ အင်အားနဲ့ နိုင်ငံတော်ကို ခေတ်မီပြီး စွမ်းရည်ပြည့်ဝတဲ့ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့နဲ့ နိုင်ငံကာကွယ်ရေးစွမ်းအား တည်ဆောက်သွားပါမယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (၁)နှစ်ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်သည့် သတင်းထုတ်ပြန်ချက်များကို ကန့်ကွက်ပယ်ချခြင်း

မြန်မာနိုင်ငံတွင် တပ်မတော်မှ နိုင်ငံတော်တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှဲပြောင်းရယူခဲ့သည့် တစ်နှစ်ပြည့်မြောက်ခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများအပါအဝင် နိုင်ငံနှင့်အဖွဲ့အစည်းအချို့က ထုတ်ပြန်ကြေညာချက်များကို ပြုလုပ်ခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဗြိတိန်နိုင်ငံ၏ တောင်းဆိုချက်ဖြင့် မြန်မာနိုင်ငံဆိုင်ရာ တံခါးပိတ်ဆွေးနွေးပွဲတစ်ရပ်ကို ၂၈-၁-၂၀၂၂ ရက်တွင် ကျင်းပခဲ့သည့် တစ်ရက်တည်းတွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးက လှုံ့ဆော်သတင်းထုတ်ပြန်ခဲ့သည်ကို တွေ့ရသည်။ တစ်ချိန်တည်းတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာအထူး အစီရင်ခံစာ တင်သွင်းသူက ကျင့်ဝတ်နှင့်မညီသော လှုံ့ဆော်ရေးသားချက်များကို ထပ်မံပြုလုပ်ခဲ့သည်။ စာမျက်နှာ ၇ ကော်လံ ၁ သို့ ❐

**ယနေ့ ဖတ်စရာ**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအမှုဖွင့်လှစ်အရေးယူ**

စာမျက်နှာ » ၁၅

**ဘီးလင်းမြို့ ဘီးလင်း-နတ်ကြီး ကားလမ်းဘေး၌ အပြစ်မဲ့ပြည်သူများ ထိခိုက်သေကျေစေရန် ရည်ရွယ်၍ လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ လက်လုပ်မိုင်းတပ်ဆင်သူ အကြမ်းဖက်သမား သေဆုံး**

စာမျက်နှာ » ၁၆

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၆၈ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၄၅ ရာခိုင်နှုန်းရှိ**

စာမျက်နှာ » ၂၀

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအား ထိုးနှံပေးမည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သယ်ဆောင်လာသည့် လူမှုကူညီရေးယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအား ထိုးနှံပေးမည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သယ်ဆောင်လာသည့် လူမှုကူညီရေးယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် လူမှုကူညီရေးယာဉ်တစ်စီး အနည်းငယ်ပျက်စီးခဲ့ကြောင်း သိရသည်။

**ဖောက်ခွဲတိုက်ခိုက်ခဲ့**

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂ ရက်က စစ်ကိုင်းမြို့နယ်အတွင်းရှိ ပြည်သူများအား ထိုးနှံပေးမည့် ကိုဗစ်-၁၉ ရောဂါ စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❖




ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သယ်ဆောင်လာသည့် လူမှုကူညီရေးယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

## မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် လက်ကောင်းကျေးရွာရှိ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုအား မလိုလားသူ အကြမ်းဖက်သမားများက အခြေခံပညာအထက်တန်းကျောင်းခွဲမှ သင်ရိုးညွှန်းတမ်းစာအုပ်များအား မီးရှို့ဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် လက်ကောင်းကျေးရွာရှိ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုအား မလိုလားသူ အကြမ်းဖက်သမားများက အခြေခံပညာအထက်တန်းကျောင်းခွဲမှ သင်ရိုးညွှန်းတမ်းစာအုပ်များအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၃ ရက် နံနက် ၆ နာရီ မိနစ်၅၀ တွင် ပုသိမ်ကြီးမြို့နယ် လက်ကောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွင်း၌ သိမ်းဆည်းထားရှိသည့် သင်ရိုးညွှန်းတမ်းစာအုပ်များအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ထိုသို့ ဖျက်ဆီးမှုကြောင့် "အကယ်ဒမီရွှေစင်" နှစ်ထပ်ကျောင်းဆောင်အတွင်းရှိ စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❂